# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ - ၇၈)


၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၂၄၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



မန္တလေးမြို့ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

# မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား

**မန္တလေး ဇွန် ၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို ယနေ့နံနက်ပိုင်းမှ စတင်၍ ဖွင့်လှစ်ခဲ့ရာ မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ပညာသင်ကြားကြမည့် ကျောင်းသားကျောင်းသူများကို တာဝန်ကျ ဆရာ ဆရာမများက ကျောင်းဝင်ပေါက်၌ အတန်းစဉ်အလိုက် စည်းကမ်းတကျ သွားရောက်နိုင်ရေး စီမံပေးကြပြီး စနစ်တကျ စာသင်ကြား/ သင်ယူမှုများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ပေးကြသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေလွင်က "တိုင်းဒေသကြီးအတွင်း ကျောင်းအပ်နှံရေး ရက်သတ္တပတ်မှာကျောင်းအပ်လက်ခံထားမှုအနေနဲ့ အခြေခံပညာကျောင်းမှာ ကျောင်းသား ၇၆၄၈၈၀၊ ကိုယ်ပိုင်ကျောင်းမှာ


*စာမျက်နှာ ၆ ကော်လံ ၁* ◆


## ယနေ့ ဖတ်စရာ


**ရန်ကုန်တိုင်းဒေသကြီး၌ အခြေခံပညာကျောင်းသား ကျောင်းသူ ၁၀၀၇၆၉၅ ဦး အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြား** ပြည်တွင်းသတင်း | စာ ၄

**နေပြည်တော်ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား** ပြည်တွင်းသတင်း | စာ ၅

**ဆီဆိုင်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၁၃၁၁၅ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိ** ပြည်တွင်းသတင်း | စာ ၁၇

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး (၂၇) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် ဇွန် ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေး ကော်မတီအမှုဆောင်အတွင်းရေးမှူး Mr. Anton Kobyakov ၏ ဖိတ်ကြားမှုအရ ဇွန် ၅ ရက်မှ ၈ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပပြုလုပ်မည့် (၂၇) ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးချုပ်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ အရာရှိကြီးများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဆောင်သော ပုဂ္ဂလိကအသင်းအဖွဲ့များမှ လုပ်ငန်းရှင်များ လိုက်ပါသွားကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဝန်ထမ်း သားသမီး ကျောင်းသားကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာ သင်ကြားကြမည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့မှ ဝန်ထမ်း သားသမီးကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့မှ ဝန်ထမ်း သားသမီး ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



**ကျေးဇူးတင်စကားပြောကြား**

အခမ်းအနားတွင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြား၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများက လက်ခံရယူကြပြီး(ဝဲပုံ) လွှိုင်ကော်ခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့်၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်၌ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသားကျောင်းသူ ၅၅၁ ဦး၊ တက္ကသိုလ်အဆင့်တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူ ၆၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၁၁ ဦးအတွက် ငွေကျပ် ၆၁ သိန်းကျော် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၃**

ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေသည် ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုးဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်မှုနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု အခြေအနေကို လှည့်လည်ကြည့်ရှု အားပေးကြသည်။**(ယာပုံ)**

ပြည်ထောင်စု ဝန်ကြီးသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဥတ္တရသီရိမြို့နယ် အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာ သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု၍ အားပေး စကား ပြောကြားသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စု ဝန်ကြီးက မိမိတို့ တစ်ဦးချင်းစီ၏ ကောင်းမွန်သော ရည်ရွယ်ချက်၊ ရည်မှန်းချက်များ ရှိကြမည်ဖြစ်ကြောင်း၊ ထိုရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် စာသင်နှစ် စကတည်းက ပညာကို ကြိုးစား သင်ယူကြစေ လိုပါကြောင်း၊ စာတတ်အောင် သင်ကြား၊ သင်ယူရုံသာမက လိမ္မာရေးခြားရှိအောင်၊ စည်းကမ်းရှိအောင်၊ မျိုးချစ်စိတ် နိုင်ငံချစ်စိတ်ရှိအောင်၊ ယဉ်ကျေးလိမ္မာပြီး မိမိတို့ယဉ်ကျေးမှုဓလေ့ကို မြတ်နိုးတန်ဖိုးထားတတ်သူဖြစ်အောင်၊နိုင်ငံတော်ကအားထားရသည့် လူတော် လူကောင်းများ ဖြစ်အောင် ကြိုးစားကြရန် ပြောကြားသည်။

ထို့နောက် စာသင်ခန်း၊ စာသင်ဆောင်များ၊ ကျောင်းစိုက်ခင်းများ၊ ဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေးဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့အတူ ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံ ပညာကျောင်းများ၊ တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ စတင်ဖွင့်လှစ်ကြပြီဖြစ်ရာ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ အေးချမ်းစွာ ပညာသင်ကြား၊ သင်ယူလျက်ရှိကြောင်း၊ ကျောင်းအပ်နှံမှုအနေဖြင့်လည်း မေ ၂၃ ရက်မှ ယနေ့ ကျောင်းစတင် ဖွင့်လှစ်သည့် ဇွန် ၃ ရက်အထိ ကျောင်းသား ကျောင်းသူ ၆၅၃၆၇၁၃ ဦး လာရောက် အပ်နှံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး၌ အခြေခံပညာကျောင်းသား ကျောင်းသူ ၁၀၀၇၆၉၅ ဦး အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြား

**ရန်ကုန် ဇွန် ၃**

၂၀၂၄ - ၂၀၂၅ ခုနှစ် ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သော ယနေ့၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအခြေခံပညာကျောင်းပေါင်း ၂၇၅၄ ကျောင်းတွင် ကျောင်းသား ကျောင်းသူ ၁၀၀၇၆၉၅ ဦး အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားကြလျက်ရှိကြောင်း သိရသည်။

ကျောင်းအပ်နှံရေးသီတင်းပတ်ဖြစ်သော မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် မူလတန်းကျောင်း ၁၆၈၀၊ အလယ်တန်းကျောင်း ၆၆၅ ကျောင်းနှင့်အထက်တန်းကျောင်း ၄၀၉ ကျောင်းဖြင့် စုစုပေါင်း ၂၇၅၄ ကျောင်းတို့၌ ကျောင်းသူ ကျောင်းသားများ ကျောင်းအပ်နှံခဲ့ကြပြီး ကျောင်းများ စတင်ဖွင့်လှစ်သည့် ယနေ့တွင် ကျောင်းသား ကျောင်းသူ ၁၀၀၇၆၉၅ ဦး စတင်ပညာသင်ကြားနေခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကျောင်းဖွင့်ချိန်၌ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင်က "ဇွန်လ ၃ ရက် ကျောင်းဖွင့်ချိန်မှာ စာသင်ကြားနိုင်ဖို့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှုနဲ့အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကူညီပံ့ပိုးမှုနဲ့ ကျောင်းအားလုံး ပတ်ဝန်းကျင်နဲ့ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းရေး၊ စာသင်ခန်းအလင်းဖွင့် ဆောင်ရွက်ခြင်း၊ စာသင်ခန်းနဲ့စာသင်ခုံများ သန့်ရှင်းသပ်ရပ်နေအောင် ဆောင်ရွက်ခြင်း စတဲ့လုပ်ငန်းစဉ်တွေမှာ တတ်နိုင်သမျှ ပြည့်စုံအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်"ဟု ပြောကြားသည်။

ရန်ကုန်မြို့အတွင်းရှိ ကျောင်းများတွင် အထင်ကရ တစ်ခုဖြစ်သော ဗိုလ်တထောင် အမှတ် (၆) အထက်တန်းကျောင်း (စိန်ပေါ်အမျိုးသားကျောင်း)တွင် ကျောင်းစတင်ဖွင့်လှစ်သောနေ့၌ ကျောင်းတက်သူ၊ ကျောင်းပို့သူတို့ဖြင့် စည်ကားခဲ့ပြီး ကျောင်းဖွင့်ချိန်၌ အဆင်ပြေချောမွေ့စွာပညာသင်ကြားနိုင်ရန် ပြင်ဆင်ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ဗိုလ်တထောင်ခရိုင် ပညာရေးမှူး ဒေါက်တာခင်သူစိန်က "ဗိုလ်တထောင်ခရိုင်မှာ အခြေခံပညာကျောင်း ၁၃၄ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကိုးကျောင်းနဲ့ ပုဂ္ဂလိကကျောင်း ၁၆ ကျောင်းရှိပါတယ်။ ဇွန် ၂ ရက်အထိ ကျောင်းသားပေါင်း ၅၄၅၀ အပ်နှံထားပါတယ်။ အခမဲ့ပညာရေးမူဝါဒစနစ်ဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူများထံက မည်သည့်အခကြေးငွေမှ ကောက်ခံခြင်း မရှိဖို့ မြို့နယ်ကျောင်းများကို မှာကြားထားပါတယ်။ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်းမှာလည်း ကျောင်းအပ်နှံရေးကို ဆောင်ရွက်နိုင်ခဲ့တဲ့အပြင် ကျောင်းတွင်း၊ ကျောင်းပြင် သန့်ရှင်းသာယာလှပရေးကိုလည်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စည်ပင်သာယာ၊





ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင်



ဗိုလ်တထောင်ခရိုင် ပညာရေးမှူး ဒေါက်တာခင်သူစိန်



ဗိုလ်တထောင်မြို့နယ် အမှတ် (၆) Grade 11 မှ မောင်မင်းခန့်ညီညီ

ကျောင်းအကျိုးတော်ဆောင်တွေနဲ့ ဝိုင်းဝန်း ဆောင်ရွက်ခဲ့ကြပါတယ်။ ကျောင်းကိုရောက်လာတဲ့ ကျောင်းသားတိုင်း ကျောင်း နေမြဲရေး၊ ကျောင်းထွက်နှုန်းကျဆင်းရေးကိုလည်း ကြိုးစားဆောင်ရွက်သွားရမှာပါ။ ကျောင်းအပ်နှံတဲ့ နေ့မှာလည်း အထောက်အပံ့ပစ္စည်းတွေကျောင်းသား တွေ လက်ဝယ်ရောက်အောင် ဆောင်ရွက်ခဲ့ပါတယ်။ နေရပ်စွန့်ခွာနဲ့ အကြောင်းအမျိုးမျိုးတို့ကြောင့် ပညာသင်ရပ်နားခဲ့တဲ့ ကျောင်းသား ကျောင်းသူများကို ကျောင်းအပ်နှံဖို့ အခွင့်အရေးရရှိအောင် စီစဉ်ဆောင်ရွက်ပေးဖို့ ကျောင်းအုပ်များကို ညွှန်ကြားထားပါတယ်။ မနှစ်ကထက် ကျောင်းသားတိုးလာခြင်းဟာ သာတူညီမျှ အခွင့်အရေးရရှိပြီး လူမျိုးဘာသာမရွေး ပညာသင်ယူခွင့်ရရှိတဲ့ ပညာရေးမူဝါဒကြောင့် ဖြစ်ပါတယ်။ ကျောင်းနေပျော်ပြီး စာတော်အောင် ဆရာ ဆရာမများက ဆက်လက်ကြိုးစားဆောင်ရွက်သွားရမှာပါ" ဟု ပြောကြားသည်။

ကျောင်းတက်ရန် စောင့်မျှော်နေပြီး တိုင်းပြည်ကို အကျိုးပြုသော ကျောင်းသားများအဖြစ် ကြိုးပမ်းသွားကြရန် ဆန္ဒပြုနေသော ဗိုလ်တထောင်မြို့နယ် အမှတ် (၆) အထက်တန်းကျောင်း Grade 11 တွင် စတင် ပညာသင်ကြားနေသည့် မောင်မင်းခန့်ညီညီက "ကျောင်းပိတ်ချိန်မှာ ဂိမ်းဆော့၊ စာဖတ်ရင်း အချိန်ကုန်ခဲ့ပြီး သူငယ်ချင်းတွေကို သတိရခဲ့ပါတယ်။ ဒီနေ့ ကျောင်းဖွင့်ရက်ဟာ အပျော်ဆုံးပါပဲ။ သူငယ်ချင်းတွေ အားလုံးနီးပါး ပြန်တွေ့ရတော့ ဝမ်းသာတယ်။ Grade 10 မှာ ဆရာ ဆရာမတွေရဲ့ လမ်းညွှန်ပြသမှုနဲ့ ဖြေဆိုနိုင်ခဲ့တာကြောင့် အတန်းတက်ပြီး ပညာသင်ယူရတာကိုလည်း ဂုဏ်ယူပါတယ်။ ဖေဖေ့လို သင်္ဘောသားဖြစ်ချင်တယ်။ ဒါကြောင့် ကြိုးစားပြီး သင်ယူနေပါတယ်။ မနှစ်က လူရည်ချွန်မဖြေခဲ့ရတာကြောင့် ဒီနှစ်ဖြေဆိုဖို့ ကြိုးစားသွားမှာပါ။ သူငယ်ချင်းတွေကိုလည်း စာကို စိတ်ဝင်တစားသင်ယူပြီး တိုင်းပြည်ကိုအကျိုးပြုတဲ့ ကျောင်းသားကောင်းများ ဖြစ်ပါစေလို့ အမြဲဆန္ဒပြုနေပါတယ်"ဟု ပြောသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ ကျောင်းအပ်နှံရေး ဆောင်ပုဒ်ဖြစ်သော "ကျောင်းနေအရွယ်ကလေး အားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်နှင့်အညီ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများတွင် ကျောင်းအပ်နှံမှုကို လက်ခံခဲ့ကြပြီး မြန်မာ့ပညာရေးမျှော်မှန်းချက်ဖြစ်သော မျက်မှောက်ကာလ ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ ယနေ့ကျောင်းများ စတင်ဖွင့်ချိန်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ပညာသင်ကြားကြလျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ - ကနူး- ညိမ်းသူ(သတင်းစဉ်)**

# နေပြည်တော်ရှိ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား



အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦး



အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်း





**နေပြည်တော် ဇွန် ၃**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ယနေ့တွင် စတင်ဖွင့်လှစ်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အခြေခံပညာကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ အတန်းအလိုက် ပြဋ္ဌာန်းထားသည့် ဘာသာရပ်များကို သင်ကြားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သက်ဆိုင်ရာကျောင်းအသီးသီး၌ တာဝန်ကျဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ တက်ရောက်မည့် စာသင်ခန်းနေရာများသို့ လမ်းညွှန်ပြသပေးခြင်းနှင့် စနစ်တကျ ပညာသင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းတက်ရောက်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်မှုများအနေဖြင့် စာသင်ခန်းအတွင်း၌ စာသင်ခုံများ စနစ်တကျနေရာချထားခြင်း၊ ဘာသာရပ်အလိုက် စာသင်ချိန်ဇယားများ စနစ်တကျစီမံထားခြင်း၊ ကျောင်းတက်၊ ကျောင်းဆင်းအချိန်စာရင်းများ အသိပေးကြေညာထားခြင်း၊ ကျောင်းသူ ကျောင်းသားများ သန့်ရှင်းသပ်ရပ်စွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက်လည်း ကျောင်းဥပဓိရုပ်ကောင်းမွန်စေရန်နှင့် ကျောင်းဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားခြင်း၊ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် အသိပေးကြေညာချက်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ဆောင်ပုဒ်များ စိုက်ထူထားခြင်းနှင့် ကျောင်းကြို၊ ပို့ယာဉ်များ စီစဉ်ထားခြင်းတို့ကို စီမံဆောင်ရွက်ထားကြသည်။

ယနေ့ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦးက "ပညာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ မူဝါဒအရ မေ ၂၃ရက်ကနေ ဇွန် ၂ ရက်အထိ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ထားပါတယ်။ ဒီနေ့အထိ ကျောင်းအပ်လက်ခံ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၉၇ ဦးရှိပြီ ဖြစ်ပါတယ်။ ပညာရေးစနစ်သစ်ဖြစ်တဲ့ KG+12 က ကလေးတွေကို ဗလငါးတန်နဲ့ ပြည့်စုံအောင် သင်ကြားနည်း ဖြစ်ပါတယ်။ လည်း စိတ်ဝင်စားမှု ပိုများလာတယ်။ သင်ခန်းစာကို လေးလေးနက်နက်တွေးရတာက KG+ 12ရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့အတွက် ပညာရေးရဲ့ အဓိကမဏ္ဍိုင်ဖြစ်တဲ့ လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းကို ရရှိစေပါတယ်။ မူလတန်းမှာ ခြောက်နှစ်၊ အလယ်တန်းအဆင့်က လေးနှစ်၊ အထက်တန်းအဆင့် သုံးနှစ်ဆိုတော့ သူတို့သိရမယ့် အခြေခံအသိပညာဗဟုသုတတွေကို ဘာသာရပ်အသီးသီးမှာ အပြည့်အဝရရှိသွားမယ်လို့ မြင်ပါတယ်။ ကျောင်းတွေဆိုတာ ကျောင်းသားရှိမှပြည့်စုံတာ ဖြစ်ပါတယ်။ ကျောင်းတက်ဖို့အတွက် သွားရေးလာရေး အခက်အခဲဖြစ်တယ်ဆိုရင် ကျွန်မတို့ကျောင်းက ပိတ်ရက်မရှိ ကျောင်းစာအပြင် ဘက်စုံပူးပေါင်းပြီး ပညာသင်ကြားရေးစနစ်ဖြစ်တဲ့အတွက် စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်မယ်ဆိုရင် အားသာချက်တွေ အများကြီးရှိပါတယ်။ အခြေခံပညာကျောင်းများမှာ အခမဲ့ကျောင်းထားရတာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူကိုယ်တိုင်က ကြိုးစားမယ်ဆိုရင် ထူးချွန်ထက်မြက်တဲ့ ကျောင်းသား ကျောင်းသူတွေ ဖြစ်လာမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကျောင်းမှာဆိုရင် လူရည်ချွန်မောင်မယ် နှစ်တိုင်းထွက်ပါတယ်။ လာမယ့်နှစ်အတွက် လူရည်ချွန်မောင်မယ်တွေကို လေ့ကျင့်ရေးတွေ စတင် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံတော်အကြီးအကဲက ပြည်သူပြည်သားအားလုံး စာဖတ်ကြမယ်ဆိုရင် အသိပညာတွေတိုးတက်လာပြီး အေးချမ်းသာယာတဲ့ ဘဝတွေကို တည်ဆောက်နိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စာကြည့်တိုက်တွေကို အကောင်အထည်ဖော်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ကျောင်းမှာလည်း စာသင် ချိန်ဇယားမှာ စာဖတ်ချိန်တစ်ချိန် ထည့်သွင်းရေးဆွဲထားပါတယ်။ စာဖတ်ချိန်ကို အတန်းလိုက် တစ်ရက်စီဝင်နိုင်ဖို့ ရေးဆွဲသွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်သင်းက "ဒီနှစ်မှာထူးခြားချက်တစ်ခုကတော့ စာသင်ချိန် ရှစ်ချိန်မှာ စာဖတ်ချိန် တစ်ချိန်ကိုထည့်သွင်းရေးဆွဲပါတယ်။ ကျွန်မကျောင်းမှာ မူလတန်းအတွက် စာကြည့်ခန်း တစ်ခန်းနဲ့ အလယ်တန်း၊ အထက်တန်းတွေအတွက် စာကြည့်ခန်း တစ်ခန်း ရှိပါတယ်။ စာကြည့်တိုက် နှစ်ဆောင်ဖြစ်တဲ့အတွက် မူလတန်း ကျောင်းသား ကျောင်းသူတွေအတွက် လိုက်ဖက်ညီတဲ့ စာအုပ်လေးတွေကိုစာဖတ်နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ အလယ်တန်းအဆင့်နဲ့ အထက်တန်းအဆင့်ကတော့ သုတ၊ ရသစာပေတွေအပြင် တခြားဗဟုသုတရစေမယ့် စာအုပ်တွေ ထည့်ပေးထားပါတယ်။ ကျောင်းသင်ခန်းစာတွေအတွက် အထောက်အကူပြုဖြစ်စေမယ့် စာအုပ်၊ သမိုင်းဘာသာရပ်နဲ့ ဆက်စပ်တဲ့ အတ္ထုပ္ပတ္တိတွေ၊ ပထဝီဝင်ဘာသာရပ်နဲ့ ဆက်စပ်နေတဲ့ စာအုပ်တွေကိုလည်း ထည့်ပေးထားပါတယ်။ တီထွင်ဖန်တီးမှုတွေကို ဖြစ်လာစေဖို့ သိပ္ပံဘာသာရပ်နဲ့ ဆက်စပ်တဲ့ စာအုပ်၊ သင်္ချာဉာဏ်ရည်ဉာဏ်သွေးတွေ တိုးတက်စေဖို့ သင်္ချာဉာဏ်စမ်းစာအုပ် စတဲ့စာအုပ်တွေကို ထည့်သွင်းစီစဉ်ထားပါတယ်။ စာဖတ်ခြင်း အကျိုးကျေးဇူးက သိပ်ကို ကြီးမားပါတယ်။ အဲဒါကြောင့် အားလုံးကို စာအုပ်စာပေ ဖတ်ရှုစေချင်ပါတယ်။

"KG+12 သင်ရိုးညွှန်းတမ်းကိုသင်တဲ့အခါမှာ ကျောင်းသား ကျောင်းသူတွေက ဆရာနဲ့ ကျောင်းသား စာသင်နေတာမျိုး မဟုတ်ဘဲနဲ့ အမေးအဖြေကဏ္ဍတွေ ပါလာပါတယ်။ စာသင်ခန်းတစ်ခုမှာ သင်မယ်ဆိုရင် ကလေးတွေက အဖွဲ့လိုက်၊ အတွဲလိုက် ဆောင်ရွက်ရတဲ့အတွက် ပူးပေါင်းဆောင်ရွက်တတ်တဲ့ စွမ်းရည်တွေ ပိုများလာပါတယ်။ အချင်းချင်းညှိနှိုင်းဆောင်ရွက်မှု တတ်လာပါတယ်။ သင်ထောက်ကူပစ္စည်းတွေ သုံးရမယ်ဆိုရင် ကိုယ်တိုင်စဉ်းစား၊ ကိုယ်တိုင်စုဆောင်း၊ ကိုယ်တိုင်ပြင်ဆင်ရတဲ့အတွက် တီထွင်ဖန်တီးတတ်တယ်ဆိုတဲ့ ဉာဏ်ရည်တွေ ရလာစေပါတယ်။ သင်ခန်းစာအပေါ် ကျောင်းအပ်လက်ခံပေးနေပါတယ်" ဟု ပြောကြားသည်။

နိုင်ငံတော်အနေဖြင့် ကျောင်းသား ကျောင်းသူများအား အခမဲ့ပညာရေးစနစ် ဆောင်ရွက်ပေးထားသည့်အတွက် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေး၊ စာကြည့်တိုက်ကြေးများအပါအဝင် မည်သည့်အခကြေးငွေမှ ကောက်ခံခြင်း မရှိသည့်အပြင် မူလတန်းမှ အထက်တန်းအထိ ကျောင်းသုံးဗလာစာအုပ်၊ ဖတ်စာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းအသီးသီး၌ အထက်တန်းအဆင့်၌ ၃၁၁၀၄ ဦး၊ အလယ်တန်းအဆင့်၌ ၅၆၇၆၆ ဦးနှင့် မူလတန်းအဆင့်၌ ၁၃၅၄၈၀ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂၃၃၅၀ ကျောင်းတက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သန့်ဂျိုင်း၊ ဓာတ်ပုံ - ဖိုးပြည့်စုံ**



## ပြည်တက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိ

**ပြည် ဇွန် ၃**

၂၀၂၄ ခုနှစ် ဇွန် ၃ရက်တွင် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၏ တက္ကသိုလ် / ဒီဂရီကောလိပ်များ စတင်ဖွင့်လှစ်ရာ ပြည်တက္ကသိုလ်၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် (ဒုတိယပညာသင်ကာလ)နှင့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် (ပထမပညာသင်ကာလ) ဘာသာရပ်အသီးသီးမှ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား ကျောင်းသူများအားလုံး အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။(ဓါတ်ပုံ)

အဆိုပါ ကျောင်းသား ကျောင်းသူများကို ပြည်တက္ကသိုလ် တာဝန်ရှိသူများနှင့် ဆရာ ဆရာမများက နွေးထွေးစွာ ကြိုဆိုကြပြီး ဘာသာရပ်အသီးသီး၌ သင်ကြား၊ သင်ယူမှုများ ဆောင်ရွက်လျက်ရှိကာ ပြည်တက္ကသိုလ်၏ ဘာသာရပ်ပေါင်းစုံ စာသင်ဆောင်များနှင့် နေရာ အသီးသီးတို့တွင်လည်း ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၃ ခုနှစ် စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

**ပဲခူး ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်နှင့် နိကာယ် စာမေးပွဲ စာအောင်သံဃာတော်/သီလရှင်များအား စာအောင်ဆုဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၃ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားအား ဖွင့်လှစ်ပြီး ပဲခူးမြို့ မြို့မစာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဂန္ဓမာ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ ဖတ်ကြား လျှောက်ထားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့်အစိုးရအဖွဲ့တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယ၊ ပါဠိပထမပြန်နှင့် နိကာယ်စာမေးပွဲတို့တွင် ဖြေဆိုအောင်မြင်တော်မူကြသည့် သံဃာတော်များနှင့် သီလရှင် ၂၆၉၃ ပါးတို့အတွက် ဘွဲ့တံဆိပ်တော်နှင့် စာအောင်ဆုများအား စာအောင်သံဃာများနှင့် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပဲခူးမြို့ သာသနဝံ့မဏ္ဍိုင်ပါဠိတက္ကသိုလ်စာသင်တိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသီရိန္ဒ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။



ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၃ ခုနှစ် ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲနှင့် နိကာယ်စာမေးပွဲတို့၌ စုစုပေါင်း ၂၆၉၃ ပါး အောင်မြင်တော်မူခဲ့ကြသည့်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စာအောင်ဆု အလှူငွေကျပ် ၈၃၁၅၀၀၀၀ အား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

◆ *ရှေ့ဖုံးမှ*

၇၃၈၆၂ ဦးနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာ ၈၅၃၁၇ ဦး စုစုပေါင်း ၉၂၄၀၅၉ ဦး ရှိပါပြီ။ ကျောင်းအပ်လက်ခံမှု ရက်သတ္တပတ် ပြီးဆုံးသွားပေမယ့် ကျောင်းအပ်နှံမယ့် ကျောင်းသားကျောင်းသူတွေ ရှိနေမယ်ဆိုရင် ဆက်လက်လက်ခံပေးသွားမှာဖြစ်ပါတယ်။ ကလေးတွေရဲ့ရှေ့ရေးကိုတွေးပြီး မိဘတွေအနေနဲ့ ကျောင်းကိုရောက်အောင် ပို့ဆောင်ပေးဖို့လိုအပ်ပါတယ်။ ကလေးတွေ ကျောင်းမှာ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ဖို့အတွက် ကျောင်းမဖွင့်ခင်ကတည်းက ဆောင်ရွက်ထားပါတယ်။ စာသင်ခန်း၊ စာသင်ခုံတွေ ပြင်ဆင်ထားတဲ့အပြင် ကျောင်းဥပဓိရုပ် ကောင်းမွန်ဖို့အတွက်လည်း စီမံဆောင်ရွက်ထားပါတယ်။ ကလေးမိဘတွေအနေနဲ့ မိမိတို့သားသမီးပညာရေးကိုအလေးထားပြီး ကျောင်းအပ်နှံကြဖို့ ပြောကြားလိုပါတယ်” ဟု ပြောသည်။

မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ ဆောင်ရွက်ခဲ့သည့် ကျောင်းအပ်နှံရေး ရက်သတ္တပတ်၌ ကျောင်းအပ်လက်ခံခဲ့ရာတွင်လည်း မည်သည့်အခကြေးငွေမှ ကောက်ခံခြင်းမပြုဘဲ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးပြီး ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



အမှတ် (၁၆) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဒေါက်တာ သန်းထိုက်စိုးက “ ဒီနှစ်မှာ ကျွန်တော်တို့ ကျောင်းအနေနဲ့လည်း ကျောင်းသား ကျောင်းသူ ၃၀၀၀ ကျော် လက်ခံပြီးဖြစ်ပါတယ်။ ဇွန်လတစ်လလုံးလည်း ကျောင်းအပ်လက်ခံသွားမှာဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ကြတဲ့ ကလေးတွေဆိုရင်လည်း ဒီနှစ်မှာ ကျောင်းပြန်တက်ကြတဲ့အတွက် ဝမ်းသာမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညာရေးဆိုတာ သတ်မှတ်တဲ့အသက်နဲ့ ကိုက်ညီတဲ့အတန်းမှာ တက်ရောက်ပညာသင်ကြားနေဖို့လိုပါတယ်။ ဒီလိုမျိုး မိဘပြည်သူတွေအနေနဲ့ ကျွန်တော်တို့ စာသင်ကျောင်းတွေမှာ အင်တိုက် အားတိုက် ပညာရေးကို အားပေးကြတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်” ဟု ပြောသည်။

ကျောင်းသားမိဘ တစ်ဦးကလည်း “ကျွန်မ ကလေးကတော့ ဒီနှစ် Grade-11 မှာ ပညာသင်ကြားရမှာ ဖြစ်ပါတယ်။ ကလေးအတွက် ကျောင်းမှာအဆင်ပြေစွာ ပညာသင်ကြားနိုင်ဖို့ သေချာဆောင်ရွက်ပေးသလို ကျောင်းအနေနဲ့လည်း ကျောင်းသုံးဖတ်စာအုပ်တွေ စာရေးကိရိယာတွေကို အခမဲ့ပေးတဲ့အတွက် အဆင်ပြေပါတယ်။ ဒီလို အခမဲ့ပညာရေးစနစ်ကို သဘောကျပါတယ်။ ဒါကြောင့် တခြားမိဘတွေအနေနဲ့လည်း မိမိတို့ကလေးတွေကို ကျောင်းအပ်နှံကြဖို့ ဖိတ်ခေါ်ပါတယ်” ဟု ပြောသည်။

ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချစွာဖြင့် ပညာသင်ကြားနိုင်ရန် အတွက်လည်း မန္တလေးမြို့ရှိ အဓိကလမ်းမကြီးများနှင့် နီးစပ်သည့် ကျောင်းများ၌ မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကူညီ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သက်ဆိုင်ရာ မြို့နယ်များအလိုက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ကျောင်းတွင်း၊ ကျောင်းပြင် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာ ကျောင်းပေါင်း ၃၉၅၀ ၊ ကိုယ်ပိုင် ကျောင်းပေါင်း ၂၃၇ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၃၀၆ ကျောင်းဖွင့်လှစ်ထားကြောင်း သိရသည်။**မောင်အေးချမ်း**

---



## Naypyitaw State Academy ၌ ဒုတိယပညာသင်ကာလ သင်တန်းများဖွင့်

**နေပြည်တော် ဇွန် ၃**

Naypyitaw State Academy ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယပညာသင်ကာလ သင်တန်းများအားလုံးကို ယနေ့တွင် စတင်ဖွင့်လှစ်ရာ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားကြသည်။ **(အပေါ်ပုံ)**

Naypyitaw State Academy ၏ အတန်းအသီးသီးသို့ တက်ရောက်ရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများကို အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်စေရန် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာဆရာမများ၊ ဝန်ထမ်းများက လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးကြသည်။

Naypyitaw State Academy တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ၊ စီးပွားရေးပညာ၊ ဥပဒေပညာနှင့် ဆေးပညာအထူးပြုဘာသာရပ်များ၏ ပထမနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ဂုဏ်ထူးတန်းပထမနှစ်နှင့် ဂုဏ်ထူးတန်း ဒုတိယနှစ် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ထုတ်ပေး

**မိတ္ထီလာ ဇွန် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ယနေ့နံနက် ၉ နာရီက တပ်မတော် ချည်မျှည်နှင့် အထည်စက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေအကြောင်း သိကောင်းစရာများ ဖြစ်သည့် အာမခံ အလုပ်သမားများ အကြောင်း၊ မကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့်၊ မကျန်းမာမှုအတွက် ငွေကြေးအကျိုးခံစားခွင့်၊ ကိုယ်ဝန်ဆောင်မှုနှင့် မီးဖွားမှုအတွက် ဆေးကုသမှု၊ ငွေကြေးခံစားခွင့်နှင့် မီးဖွားစရိတ်ခံစားခွင့်၊ အာမခံအလုပ်သမားသေဆုံးလျှင် နာရေးစရိတ်ခံစားခွင့်၊ အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်း မသန်စွမ်းမှု ငွေကြေးအကျိုးခံစားခွင့် စသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော တပ်မတော်ချည်မျှည်နှင့် အထည်စက်ရုံမှ လုပ်ငန်းခွင်ပြင်ပတွင် ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ငွေကျပ် ၇၂ သိန်းကို အာမခံအလုပ်သမား မမျိုးသန္တာ၏ ဖခင် ဦးစိုးနိုင်အား ပေးအပ်သည်။(ဝဲပုံ)




ထို့နောက် တပ်မတော် ချည်မျှည်နှင့် အထည်စက်ရုံမှ ဒုတိယစက်ရုံမှူး ဒေါ်စုစုဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပို့ကုန်တိုးမြှင့်ရေးညှိနှိုင်းဆွေးနွေးပွဲ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဇွန် ၃

ပို့ကုန်တိုးမြှင့်ရေးညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကုန်သွယ်ရေး ဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ တိုင်းဒေသကြီးဦးစီးမှူးများ၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ပို့ကုန်တိုးမြှင့်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တင်ပို့ရမည့် ပို့ကုန်တန်ဖိုးကို လျာထားသတ်မှတ်ထားပြီးဖြစ်ကြောင်း၊ အလားတူ ဆန်၊ ပဲ၊ ပြောင်း၊ ရော်ဘာ၊ ပို့ကုန်များ လအလိုက်တင်ပို့ရန် လျာထားသတ်မှတ်ပြီးဖြစ်ကြောင်း၊ သတ်မှတ်လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာ တင်ပို့နိုင်ရေး အင်တိုက်အားတိုက်ဖြင့် မဖြစ်မနေဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ ဆန်စပါးကဏ္ဍ ပြည်ပတင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၊ ကြိတ်ခွဲပြုပြင်ခြင်းလုပ်ငန်းမှသည် ဖြန့်ဖြူးရောင်းချ၍ တင်ပို့သည်အထိ ထုတ်လုပ်မှုတန်ဖိုးကွင်းဆက် (Supply Chain) တစ်လျှောက် ဟန်ချက်ညီညီ အားထည့်ဆောင်ရွက်ရန်၊ ပြည်ပဈေးကွက်ပိုမိုရရှိအောင် ဆောင်ရွက်ရန်၊ ပဲမျိုးစုံနှင့် ပြောင်းကိုလည်း တိုးမြှင့်တင်ပို့နိုင်ရန်၊ ပြည်တွင်းကောက်ပဲသီးနှံ ဈေးကွက်တည်ငြိမ်စေရန်၊ မျှတသည့်ကုန်သွယ်မှု၊ မှန်ကန်သည့် ကုန်သွယ်မှုဖြစ်ပေါ်စေရန်နှင့် ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရန်၊ CMP အထည်ချုပ်လုပ်ငန်းများ၊ ငါး၊ ပုစွန်၊ အခြားရေထွက်ပစ္စည်းများ ပိုမိုတင်ပို့ရန်တို့ကို မဖြစ်မနေ အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ရန်၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ပို့ကုန် ဆန်သင်္ဘောများ ဦးစားပေးဆိပ်ကမ်းကပ်ခွင့်ရရှိရေး၊ ကုန်သေတ္တာရရှိရေး၊ ကုန်တင်ယာဉ်ရရှိရေးနှင့် ကုန်တင်ဆိပ်ကမ်းများ၏ လိုအပ်ချက်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးရန်တို့ကို တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းမှ ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံ တေဟုန်ပြည်နယ်ခွဲသို့သွားရောက်၊ ပြည်သူချင်း ပိုမိုချစ်ကြည်ရင်းနှီးမှုလုပ်ငန်းများဆောင်ရွက်



နေပြည်တော် ဇွန် ၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တေဟုန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ အစိုးရအဖွဲ့မှ ဖိတ်ကြားချက်အရ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို)မှ စီစဉ်မှုဖြင့် ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မူဆယ်ခရိုင်တာဝန်ခံ ဦးခင်ဦး (ခ) ဦးရှင်ဖူး ဦးဆောင်သော အဖွဲ့ဝင် ၂၂ ဦးသည် မေ ၂၉ ရက်က မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် မန်စီမြို့သို့ ထွက်ခွာခဲ့သည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့၏ မေ ၂၉ ရက်မှ ဇွန် ၂ ရက်အထိ ငါးရက်ကြာ ခရီးစဉ်အတွင်း ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများ တွေ့ဆုံဆွေးနွေးဖလှယ်ခြင်း၊ တေဟုန်ပြည်နယ် အသက်မွေးဝမ်းကျောင်း ကောလိပ်တွင် သူနာပြုဘာသာရပ်၊ တိုင်းရင်းဆေးနှင့် အခြားပညာတော်သင်များ ရွေးချယ်စေလွှတ်ရေးကိစ္စတို့ကို အပြန်အလှန် ဆွေးနွေးခြင်း၊ ကုမ္ပဏီ စက်ရုံအလုပ်ရုံများ ကြည့်ရှုလေ့လာခြင်း၊ နယ်စပ်ဒေသချင်းနီးစပ်၍ ဗုဒ္ဓဘာသာဝင်အများစုရှိသော ဒေသဖြစ်သဖြင့် အထင်ကရရှိသော မန်စီရွှေစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ အလှူငွေများ ပေးအပ်ခြင်း စသည့် ပြည်သူချင်း ပိုမိုချစ်ကြည်ရင်းနှီးရေး ကိစ္စရပ်များ ဆောင်ရွက်ခဲ့ကြပြီး ယမန်နေ့ညပိုင်းက ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

ထို့ပြင် မြန်မာ - တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို) ၏ စီစဉ်မှုဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ HUNAN ပြည်နယ် Huanghe S&T University တွင် မေ ၂၄ ရက်မှ ၂၉ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာ့တက္ကသိုလ် အမျိုးသမီးပါမောက္ခချုပ်များ၏ The 11th World Women University Presidents Forum သို့ မိုးညှင်းတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ မဥ္ဇူမင်း တက်ရောက်ခဲ့ပြီး အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၆၅ နိုင်ငံမှ ကိုယ်စားလှယ် ၂၇၀ ကျော် တက်ရောက်ကြကာ ပညာရေးကဏ္ဍ ပေါင်းစုံအတွက် ဆွေးနွေး ဖလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၌ ၂၀၂၃-၂၀၂၄၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် သင်တန်းများ စတင်ဖွင့်

**တောင်ငူ ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဒုတိယနှစ်ဝက်သင်တန်းများနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်ဝက်သင်တန်းများကို ဇွန် ၃ ရက် နံနက်ပိုင်းမှ စတင်ဖွင့်လှစ်လျက်ရှိရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနလက်အောက်ရှိ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပထမနှစ်မှ ပဉ္စမနှစ်အထိ သင်တန်းများနှင့် ဘွဲ့လွန်မဟာဘွဲ့တန်းသင်တန်းများ ဖွင့်လှစ်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ အဆိုပါတက္ကသိုလ်တွင် စာရင်းရှိ ကျောင်းသားကျောင်းသူ ၄၅၀ ကျော်ခန့် ကျောင်းအပ်နှံ သင်ကြားလျက်ရှိကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**



# နည်းပညာတက္ကသိုလ် ၃၅ ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် ၂၆ ကျောင်း၊ အစိုးရနည်းပညာကောလိပ် လေးကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၃၁ ကျောင်း၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ တစ်ပြိုင်တည်းစတင်ဖွင့်



နေပြည်တော် ဇွန် ၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနနှင့် နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ဘွဲ့လွန်ဒီပလိုမာသင်တန်းများကို ယနေ့တွင် စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ယနေ့တွင် နည်းပညာတက္ကသိုလ်၃၅ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် ၂၆ ကျောင်း၊ အစိုးရနည်းပညာကောလိပ်လေးကျောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၃၁ ကျောင်း၊ အစိုးရနည်းပညာ အထက်တန်း ကျောင်းများ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နည်းပညာတက္ကသိုလ်(မအူပင်)တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

မအူပင် ဇွန် ၃

ဧရာဝတီတိုင်းဒေသကြီး နည်းပညာတက္ကသိုလ် (မအူပင်) တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အင်ဂျင်နီယာဘွဲ့ကြို သင်တန်းများအား ယနေ့နံနက် ၉ နာရီမှ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

နည်းပညာတက္ကသိုလ် (မအူပင်) တွင် အင်ဂျင်နီယာဘွဲ့ကြိုသင်တန်းများကို ပထမနှစ်မှ ဆဋ္ဌမနှစ်အထိ သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ကျောင်းသား ကျောင်းသူ ၅၇၅ ဦး အေးချမ်းစွာ တက်ရောက်သင်ကြားလျက်ရှိသည်။ **အောင်မြင့်မြတ် (ပြန်/ဆက်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်ခြင်း ဓာတ်ပုံမြင်ကွင်း

ယနေ့ ဇွန် ၃ ရက်တွင် နိုင်ငံတစ်ဝန်းလုံး၌ အခြေခံပညာကျောင်းများကို စတင်ဖွင့်လှစ်ပြီဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ် အသီးသီးမှ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ကျောင်းတက်၍ ပညာသင်ကြားနေကြသည့် မြင်ကွင်း များကို စုစည်းဖော်ပြလိုက်ပါသည်။

စာတည်းအဖွဲ့



**ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်။**
မြို့နယ်(ပြန်/ဆက်)



**ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်။** (ပင်းတယမြို့နယ်အတွင်း အခြေခံပညာကျောင်း ၁၂၀ ကို ရာနှုန်းပြည့်ဖွင့်လှစ်နိုင်ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် ပညာသင်ကြားလျက်ရှိသည်။) **အောင်ကိုဦး(ပြန်/ဆက်)**



**မကွေးတိုင်းဒေသကြီး မကွေးမြို့။** (မကွေးမြို့နယ်၌ အခြေခံပညာ ကျောင်း ၂၀၆ ကျောင်းနှင့် ဘုန်းတော်ကြီးသင်ကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ရှစ်သောင်းကျော် တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။) **အောင်ကို(ဖန်ခါးမြေ)**



**မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်။** (မတ္တရာမြို့နယ်တွင် အခြေခံပညာကျောင်းများ၌ ၁၇၃၉၁ဦး၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများ၌ ၁၁၈၇ ဦးနှင့် ကိုယ်ပိုင်ကျောင်းများ၌ ၁၅၅ ဦး ပညာ သင်ကြားလျက်ရှိကြောင်းသိရသည်။) **မြို့နယ်(ပြန်/ဆက်)**



**ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်။**
သန်းဝင်း(သန်လျင်)



**ကချင်ပြည်နယ် မိုးညှင်းမြို့နယ်။** (မိုးညှင်းမြို့နယ်အတွင်း အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများ စုစုပေါင်း ၂၀၉ ကျောင်းကို ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။) **ရွှေမိုးညှင်း**



**စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်။** (ကျွန်းလှမြို့နယ်၌ အခြေခံပညာကျောင်း ၂၀ နှင့် ဘုန်းတော် ကြီးသင် ပညာရေးကျောင်း နှစ်ကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၁၈၆ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိသည်။) **မျိုးဝင်းညို(ကျွန်းလှ)**



**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်။** (မိုင်းဖြတ်မြို့နယ် အတွင်း အခြေခံပညာကျောင်းပေါင်း ၈၄ ကျောင်း ဖွင့်လှစ်လျက် ရှိသည်။) **မိုင်းဖြတ်(ပြန်/ဆက်)**



**တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်။** (ဘုတ်ပြင်းခရိုင် အတွင်း အခြေခံပညာကျောင်း ၈၀၊ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း ငါးကျောင်းနှင့် ကိုယ်ပိုင်မူလတန်းကျောင်း တစ်ကျောင်း တို့တွင် ကျောင်းသား ကျောင်းသူ ၁၄၅၂၆ ဦး တက်ရောက်ပညာ သင်ကြားလျက်ရှိသည်။) **မြို့နယ်(ပြန်/ဆက်)**



**ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်။** (သဲကုန်းမြို့နယ်၌ အခြေခံ ပညာကျောင်း ၁၉၄ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း နှစ်ကျောင်း၊ ဘုန်းတော်ကြီးပညာသင်ကျောင်း တစ်ကျောင်းတို့တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၇၀၆ ဦး တက်ရောက်ပညာသင်ကြား လျက်ရှိကြောင်း သိရသည်။) **ဝေယံကျော်(ပြန်/ဆက်)**



**ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်။** (ကျောက်ဖြူမြို့နယ်၌ မူလတန်း ကျောင်းသား ကျောင်းသူ ၂၄၉၆ ဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၁၅၆၃ ဦး၊ အထက်တန်းကျောင်းသား ကျောင်းသူ ၁၀၄၅ ဦး စုစုပေါင်း ၅၁၀၄ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။)
**တင်ထွန်းဦး**



**ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်။**(တပ်ကုန်းမြို့နယ်၌ အခြေခံပညာကျောင်းပေါင်း ၁၆၇ ကျောင်း ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူ ၄၀၉၁၇ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။)
**တင်စိုးလွင်(မြန်/ဆက်)**



**စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့။** (စစ်ကိုင်းမြို့၌ အခြေခံပညာကျောင်းပေါင်း ၇၁ ကျောင်း ဖွင့်လှစ်ပြီး မူလတန်း ကျောင်းသား ကျောင်းသူ ၁၂၇၇၇ ဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၃၁၄၇ ဦး၊ အထက်တန်းကျောင်းသား ကျောင်းသူ ၁၅၃၀ စုစုပေါင်း ၁၇၄၅၄ ဦး ပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။)
**ဇော်မြင့်နိုင်**



**ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားမည့် ကျောင်းသားကျောင်းသူများကို တွေ့ရစဉ်။**
သိန်းညွန့်



**ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်။** (ပင်လောင်းမြို့နယ်၌ မူလတန်း ကျောင်းသား ကျောင်းသူ ၂၂၈၁၆ ဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၇၅၀၀၊ အထက်တန်းကျောင်းသား ကျောင်းသူ ၃၄၀၅ ဦး စုစုပေါင်း ၃၃၇၂၁ ဦး ပျော်ရွှင်စွာတက်ရောက် ပညာသင်ကြားလျက်ရှိသည်။)
**မြို့နယ်(မြန်/ဆက်)**



**ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်။** (တာချီလိတ်ခရိုင်အတွင်း အခြေခံပညာကျောင်းပေါင်း ၁၃၀ ရှိပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၂၁၄ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။)
**အေးအေးလတ်**



**စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်။** (ကသာခရိုင်အတွင်း ကသာမြို့နယ်၌ ကျောင်းသား ကျောင်းသူပေါင်း ၁၀၃၄၂ ဦး၊ အင်းတော်မြို့နယ်၌ ကျောင်းသား ကျောင်းသူပေါင်း ၄၆၁၄ ဦး၊ ဗန်းမောက်မြို့နယ်၌ ကျောင်းသား ကျောင်းသူပေါင်း ၄၀၂၃ ဦး ကျောင်းအပ်လက်ခံ ဆောင်ရွက်ထားကြောင်း သိရသည်။)
**လှအောင်(ကသာ)**



**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်။** (ဟိုပုံးမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၁၈၀ ဖွင့်လှစ်ထားပြီး မူလတန်း ကျောင်းသား ကျောင်းသူ ၁၁၁၂ ဦး၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၃၈၃၁ ဦး၊ အထက်တန်းကျောင်းသား ကျောင်းသူ ၁၀၆၃ ဦး စုစုပေါင်း ၁၆၀၁၆ ဦး ပျော်ရွှင်စွာ တက်ရောက်ပညာ သင်ကြားလျက်ရှိသည်။)
**ပအိုဝ်းဒေသ (မြန်/ဆက်)**



**မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်။** (မလှိုင်မြို့နယ်၌ အခြေခံပညာ ကျောင်းပေါင်း ၁၈၆ ကျောင်း ဖွင့်လှစ်ထားပြီး ကျောင်းသား ကျောင်းသူပေါင်း ၂၇၄၇၄ ဦး ပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။)
**မြထွန်း(မလှိုင်)**

**ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့။** (မူဆယ်မြို့၌ အခြေခံပညာကျောင်းပေါင်း ၃၂ ကျောင်း ဖွင့်လှစ်ထားပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၄၄၁ ဦး ပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။)
**ချယ်ရီမြေ(မူဆယ်)**



ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဆောင်းပါး

# သစ်တောများ စိမ်းလန်းစိုပြည်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော ဒေသကြီးများဖြစ်လာစေဖို့ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့

သစ်တောမောင်

## ကမ္ဘာ့ပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာခြင်း

လူသားများ ရှင်သန်ရပ်တည်နိုင်ရန်အတွက် ပတ်ဝန်းကျင် ရေရှည်တည်တံ့ကောင်းမွန်ရန် လိုအပ်ပါသည်။ ကမ္ဘာတစ်ဝန်းတွင် လက်ရှိကြုံတွေ့နေရသော ဖြစ်စဉ်များကို လေ့လာကြည့်ပါက သစ်တောများပြုန်းတီးပျက်စီးခြင်း၊ တောရိုင်းတိရစ္ဆာန်များ နေထိုင်ရာဒေသများဖြစ်သည့် ရေ၊ မြေ၊ တော၊ တောင် ဂေဟစနစ်အမျိုးမျိုးပျက်စီးခြင်း၊ သစ်တောဖုံးလွှမ်းသော ဧရိယာများတွင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စိုက်ပျိုးမြေများ အလွန်အကျွံ ချဲ့ထွင်ခြင်း အပါအဝင် အကြောင်းအမျိုးမျိုးဖြင့် မြေအသုံးချမှု ပြောင်းလဲခြင်း၊ ရေနေသတ္တဝါများ အလွန်အကျွံ ဖမ်းဆီးခြင်း၊ တောမီးလောင်ကျွမ်းခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုများပြားသော စက်မှုဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ရုပ်ကြွင်းလောင်စာ အခြေခံသည့် စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ခြင်း စသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင် တစ်နေ့ထက်တစ်နေ့ ပျက်စီးလာသည်ကို ထင်ထင်ရှားရှား တွေ့မြင်ကြရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနှင့်အတူ နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များအပါအဝင် နောက်ဆက်တွဲဆိုးကျိုးများကို ရင်ဆိုင်ကြရလျက်ရှိပါသည်။

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) ၏ လေ့လာမှုများအရ ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်းကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်ပြီး ကမ္ဘာတစ်ဝန်း အရွယ်မရောက်သေးသော ကလေးငယ်ပေါင်း နှစ်စဉ် ခုနစ်သန်းကျော် အသက်ဆုံးရှုံးရလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်စွန့်ပစ်ပစ္စည်း ပမာဏတန်ချိန် ၁၁ ဒသမ ၂ ဘီလီယံခန့် စွန့်ပစ်နေကြပြီး ယင်းအထဲမှ ပလတ်စတစ်စွန့်ပစ်ပစ္စည်း တန်ချိန် ရှစ်သန်းခန့်သည် နှစ်စဉ် ပင်လယ်၊ သမုဒ္ဒရာများအတွင်းသို့ ရောက်ရှိကာ ညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ UNEP ၏ ခန့်မှန်းချက်အရ လက်ရှိအချိန်တွင် ပင်လယ်၊ သမုဒ္ဒရာအတွင်းသို့ ရောက်ရှိနေသော ပလတ်စတစ်ပမာဏသည် တန်ချိန် ၇၅ သန်းမှ ၁၉၉ သန်း ထိရှိနိုင်ပြီး ပင်လယ်၊ သမုဒ္ဒရာများအတွင်းသို့ ရောက်ရှိသော ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ၈၀ ရာခိုင်နှုန်းသည် ကုန်းမြေမှ ရောက်ရှိခြင်းဖြစ်ပြီး ရေနေသတ္တဝါများနှင့် အဏ္ဏဝါဂေဟစနစ်ကို ထိခိုက်လျက်ရှိကြောင်း သိရပါသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတုပစ္စည်းများ အလွန်အကျွံသုံးစွဲခြင်း၊ မြေ ဆီလွှာတိုက်စားခြင်းမှ နုန်းပို့ချခြင်း၊ စွန့်ပစ်ပလတ်စတစ်များ မြစ်၊ချောင်းများနှင့် ပင်လယ်ကမ်းရိုးတန်းရေထုအတွင်း တစ်နေ့တခြားများပြားလာခြင်းများသည် လေထု၊ မြေထုနှင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်ပြီး သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလျက်ရှိပါသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်းတွင် လူသားများအသုံးပြုနေသော ဓာတုပစ္စည်းများနှင့် ဒြပ်ပေါင်း အမျိုးအစား စုစုပေါင်း တစ်သိန်းကျော်ရှိပြီး စနစ်တကျ စီမံခန့်ခွဲမှု မရှိပါက ပတ်ဝန်းကျင် ညစ်ညမ်းမှုများ ဖြစ်ပေါ်ပြီး လူသားများ၏ ကျန်းမာရေးအပေါ် ဆိုးရွားစွာ ထိခိုက်နိုင်မည် ဖြစ်ပါသည်။

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့

ပျက်စီးယိုယွင်းလာလျက်ရှိသော ကမ္ဘာ့ပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် ၁၉၇၂ ခုနှစ်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂအထွေထွေညီလာခံက ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၇၃ ခုနှစ်မှစတင်ကာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့ကြပါသည်။ ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်းအတွက် လှုပ်ရှားမှုများသည် တစ်ကမ္ဘာလုံးမှ ဂရုပြုပါဝင်လာစေရန် တွန်းအားပေးသည့် အရေးပါသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို သတိမူလာစေရန် လှုံ့ဆော်ပေးရာတွင် အထင်ကရနေ့တစ်နေ့လည်းဖြစ်ပါသည်။ လူသားအားလုံး အတူတကွ နေထိုင်လျက်



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ စိုးသီဟ (အမရ)

ရှိသည့် တစ်ခုတည်းသော ကမ္ဘာမြေကြီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဘက်စုံကဏ္ဍစုံ ပြုပြင်ပြောင်းလဲမှုများ စနစ်တကျဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် တည်ငြိမ်ပြီး ဟန်ချက်ညီစေရေး၊ လူသားများနှင့် သဘာဝပတ်ဝန်းကျင် သဟဇာတဖြစ်စေရေး ကြိုးပမ်းမှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရန်အတွက်လည်း ရည်ရွယ်ကာ **ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားများကို** ကျင်းပဆောင်ရွက်ကြခြင်းဖြစ်ပါသည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်မှာ **"သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး" (Land Restoration, desertification and drought resilience)**ဖြစ်ပါသည်။ ယခုနှစ် ဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းလုံးရှိ လူသားတို့၏ ပြုမူဆောင်ရွက်ချက်များနှင့် သဘာဝဖြစ်စဉ်များကြောင့်ဖြစ်ပေါ်လာသည့် သဲကန္တာရဖြစ်ထွန်းမှုများ၊ မိုးခေါင်ရေရှားမှုပြဿနာများ၊ ပူပြင်းခြောက်သွေ့မှုနှင့် ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များကို ကြံ့ကြံ့ခံနိုင်ရန်နှင့် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းဖြင့် ထုတ်လုပ်မှု ကောင်းမွန်သော မြေယာများ ပြန်လည်ဖြစ်လာစေရန်၊ ပတ်ဝန်းကျင်စိမ်းလမ်းစိုပြည်သာယာလာစေရန်၊ သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရာသီဥတုမျှတကောင်းမွန်လာစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

## သဲကန္တာရဖြစ်ထွန်းမှုများ

သဲကန္တာရဖြစ်ထွန်းမှုဆိုသည်မှာ သဘာဝဖြစ်စဉ်များနှင့် လူတို့၏ လုပ်ဆောင်မှုများကြောင့် မြေဩဇာကောင်းမွန်သော မြေများမှ စိုက်ပျိုးရန် မဖြစ်ထွန်းနိုင်သည့် ခြောက်သွေ့သောမြေများ၊ သစ်ပင်များ ပေါက်ရောက်နိုင်မှု မရှိနိုင်တော့သောမြေများ၊ အောက်ခံ ကျောက်သားများသာ တွေ့မြင်ရနိုင်သည့် ကျောက်တောင်၊ ကျောက်ကုန်းများအဖြစ် ပြောင်းလဲသွားသည့် ဖြစ်စဉ်ဖြစ်ပါသည်။ သဲကန္တာရအဖြစ်သို့ တစ်မုဟုတ်ချင်း ပြောင်းလဲသွားသည်မဟုတ်ဘဲ သစ်ပင်သစ်တောများ ပျက်စီးပြုန်းတီးမှု၊ ဂေဟစနစ်များ ပျက်စီးမှုများမှတစ်ဆင့် အပင်များ ပေါက်ရောက်နိုင်မှုမရှိဘဲ တစ်စတစ်စ လျော့နည်းပျောက်ကွယ်သွားသည့် ဖြစ်စဉ်လည်း ဖြစ်ပါသည်။ သဲကန္တာရဖြစ်ထွန်းမှုများသည် ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံး ပျောက်ကွယ်ခြင်းများကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နှောင့်နှေးစေနိုင်သည့်အတွက် အကြီးမားဆုံးသော စိန်ခေါ်မှုတစ်ခုလည်း ဖြစ်ပါသည်။

## သဲကန္တာရဖြစ်ထွန်းမှုဝိသေသလက္ခဏာများ

ကုလသမဂ္ဂသဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention to Combat Desertification–UNCCD) အဖွဲ့က သဲကန္တာရဖြစ်ထွန်းလာမှု ဝိသေသလက္ခဏာများကို အောက်ပါအတိုင်း သတ်မှတ်ထားပါသည်-

❖ မိုးရွာသွန်းမှုပုံစံမမှန်ခြင်း၊ မိုးရွာသွန်းမှု အကြိမ်ရေနည်းပါးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊
❖ လေထုနှင့် မြေထု အပူချိန်မြင့်မားမှုဒဏ်ကြာရှည်စွာ ခံစားရခြင်း၊
❖ အပူချိန် အတက်အကျလွန်ကဲခြင်း၊
❖ မြေဆီလွှာ ရေငွေ့ပြန်မှုနှုန်းမြင့်မားခြင်း၊
❖ စိုထိုင်းဆနိမ့်ခြင်း၊
❖ မြေဆီခြောက်ခန်းခြင်းနှင့် မြေအရည်အသွေး အဆင့်အတန်းနိမ့်ကျခြင်း၊
❖ ရေနှင့်လေတိုက်စားမှုကြောင့် အပေါ်ယံမြေဆီလွှာတိုက်စားမှုများခြင်း။

ကုလသမဂ္ဂသဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCCD) ၏ အဓိက သတင်းစကား (Key Message) တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်-

❖ ကျန်းမာသော၊ မြေဆီဩဇာကောင်းမွန်သောမြေသည် စားနပ်ရိက္ခာ၏ ၉၅ ရာခိုင်နှုန်းနီးပါးကို ထောက်ပံ့ပေးရုံသာမက အဝတ်အစားနှင့် အမိုးအကာများ၊ အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းများကို အထောက်အပံ့ပြုပေးသည့်အပြင် မိုးခေါင်မှု၊ ရေကြီးမှုနှင့် တောမီးလောင်ကျွမ်းမှုတို့မှ ကျွန်ုပ်တို့ကို ကာကွယ်ပေးပါသည်။
❖ သို့သော်လည်း စက္ကန့်တိုင်းတွင် ဘောလုံးကွင်း လေးကွင်းနှင့်ညီမျှသော ဧရိယာရှိသည့် ကျန်းမာသောမြေ၊ မြေဆီဩဇာကောင်းမွန်သောမြေတို့သည် အဆင့်နိမ့်ကျလာလျက်ရှိပြီး နှစ်စဉ် စုစုပေါင်းဟက်တာ သန်း ၁၀၀ ခန့်အထိ ပျက်စီးလာလျက်ရှိပါသည်။
❖ စနစ်မကျသော ထုတ်လုပ်မှုနှင့် သုံးစွဲမှုပုံစံများနှင့်အတူ လူဦးရေ တိုးပွားလာမှု၊ သဘာဝအရင်းအမြစ်များ အလွန်အကျွံထုတ်ယူသုံးစွဲမှု၊ လောင်စာဆီ လိုအပ်ချက် မြင့်မားလာမှု၊ မြေယာလိုအပ်ချက် များပြားလာမှုနှင့် အလွန်အကျွံ အသုံးပြုမှုစသည်တို့ကြောင့် မြေအဆင့်အတန်းများ ကျဆင်းလာလျက်ရှိပါသည်။
❖ ကုလသမဂ္ဂသဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်းအရ ယနေ့အချိန်တွင် သဲကန္တာရ ဖြစ်ထွန်းလာသော ဝိသေသလက္ခဏာများကြောင့် ကမ္ဘာတစ်ဝန်း စိုက်ပျိုးနိုင်သော မြေဧရိယာ၏ ၃၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းခန့်အထိ အရည်အသွေးကျဆင်းခဲ့ကြောင်း သိရပါသည်။ *စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

- ❖ ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ ထုတ်ပြန်မှုများအရ ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ခြင်းနှင့် သဲကန္တာရဖြစ်ထွန်းနိုင်သော အခြေအနေများကြောင့် နောင် ၁၀ နှစ်အတွင်း လူသန်းပေါင်း ၅၀ ကျော် အပူပိုင်းဒေသ နေရပ်ဒေသမှ အခြားဒေသများသို့ ပြောင်းရွှေ့ကြရမည်ဖြစ်ကြောင်း ခန့်မှန်းထားပါသည်။
- ❖ ပျက်စီးသွားသော မြေဧရိယာ ဟက်တာ နှစ်ဘီလီယံကျော်၏ ကုန်ထုတ် စွမ်းအားကို ပြန်လည်ရယူနိုင်ခြင်းဖြင့် ကမ္ဘာတစ်ဝန်းရှိ လူဦးရေ ၁ ဒသမ ၃ ဘီလီယံကျော်၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို မြှင့်တင်နိုင်ပါသည်။
- ❖ ၂၀၅၀ ပြည့်နှစ်တွင် မိုးခေါင်မှုနှင့် ပူပြင်းခြောက်သွေ့မှု အကျိုးဆက်များသည် ကမ္ဘာ့လူဦးရေ၏ လေးပုံသုံးပုံအပေါ် သက်ရောက်နိုင်မည်ဟုလည်း ခန့်မှန်းထားပါသည်။
- ❖ ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး မိုးခေါင်မှုကာလနှင့် အကြိမ်အရေအတွက်သည် ၂၉ ရာခိုင်နှုန်းတိုးလာခဲ့ပြီး လူပေါင်း ၅၅ သန်းသည် မိုးခေါင်မှုဒဏ်ကို နှစ်စဉ်ခံစားရမည်ဖြစ်ကြောင်း၊ ၂၀၄၀ ပြည့်နှစ်တွင် ကလေး လေးဦးလျှင် တစ်ဦးနှုန်း ရေပြတ်လပ်မှုဒဏ်ခံစားရမည်ဖြစ်ကြောင်း၊ ၁၉၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မိုးခေါင်မှု၊ ပူပြင်းခြောက်သွေ့မှုကြောင့် လူပေါင်း ၂ ဒသမ ၇ သန်း အပေါ် သက်ရောက်ခဲ့ပြီး ၁၁ ဒသမ ၇ သန်း အသက်ဆုံးရှုံးခဲ့ရကြောင်း ဖော်ပြထားပါသည်။
- ❖ ကမ္ဘာပေါ်တွင် နေထိုင်သူ ရှစ်ဘီလီယံရှိသည့်အနက် အသက် ၂၅ နှစ်အောက် လူငယ်တစ်ဘီလီယံကျော်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြပြီး အထူးသဖြင့် မြေယာနှင့် သဘာဝအရင်းအမြစ်များကို တိုက်ရိုက်မှီခိုနေရသည့် ဒေသများတွင် နေထိုင်ကြပါသည်။ မြေဆီသြဇာကောင်းမွန်သော စိုက်ပျိုးမြေများ၊ ကောင်းမွန်သော မြေဧရိယာများ ဆုံးရှုံးခြင်းသည် လိုအပ်ချက် မြင့်မားလာသောကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် မြေယာရလိုမှု ပြိုင်ဆိုင်မှုကို ဖန်တီးပေးလျက်ရှိပြီး ပဋိပက္ခများကို ဖြစ်ပေါ်စေနိုင်ပါသည်။

### သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး

သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှုတိုက်ဖျက်ရေးအတွက်၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိကို ကုလသမဂ္ဂသဲကန္တာရနှင့် သဲကန္တာရတိုက်ဖျက်ရေး ဆယ်စုနှစ်အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိကို ကုလသမဂ္ဂဂေဟစနစ် ပြန်လည်တည်ထောင်ရေးဆယ်စုနှစ် (UN Decade on Ecosystem Restoration 2021–2030) အဖြစ်သတ်မှတ်ခဲ့ကာ သစ်တောဂေဟစနစ်များ ပြန်လည်တည်ထောင်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။ သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှုတိုက်ဖျက်ရေးအတွက် “ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း” က အောက်ပါ လုပ်ငန်းများ ဆောင်ရွက်ရန် တိုက်တွန်းထားပါသည်–

- ❖ သစ်တောများ ပြန်လည်တည်ထောင်ခြင်း၊ သဘာဝတောများ ထိန်းသိမ်းခြင်း၊ ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ❖ ရေများကို ချွေတာသုံးစွဲခြင်း၊ သန့်စင်ပြီးပြန်လည်သုံးစွဲခြင်း၊ မိုးရေကို စနစ်တကျ စုဆောင်း အသုံးပြုခြင်းများ အပါအဝင် ရေသယံဇာတများ ထိန်းသိမ်းခြင်းနှင့် စနစ်တကျ စီမံခန့်ခွဲခြင်း၊
- ❖ လေတိုက်စားမှု၊ ရေတိုက်စားမှုများ ကာကွယ်ရန်အတွက် မြေဆီလွှာ အကာအကွယ်အဖြစ် ရှင်သန်နိုင်မည့် ဒေသမျိုးရင်းအပင်များ၊ ကြီးမြန်သစ်ပင်များ၊ အပူဒဏ်ခံနိုင်သော အပင်များ စိုက်ပျိုးခြင်း၊
- ❖ လယ်၊ ယာ အစပ်များတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ အိမ်ခြံဝင်းအတွင်း Home Garden ကဲ့သို့ သစ်ပင်မျိုးစုံ တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မစိုက်ခင်းများ တည်ထောင်ခြင်း၊ ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊
- ❖ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းနှင့် ကိုင်းချိုင်ခြင်းမှ ရရှိလာသော သစ်ရွက်၊ သစ်ကိုင်းများကို အပင်ခြေတွင်စုပုံပြီး မြေဆီလွှာအား အကာအကွယ်ပေးခြင်း။

မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၏ အပူပိုင်းဇုန်အတွင်း ကျရောက်သော မြို့နယ်များသည် မိုးရေချိန် လက်မ ၄၀ အောက်သာရရှိပြီး အပူချိန် ၄၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်အထိမြင့်မားပြီး ခြောက်သွေ့ကာလမှာလည်း နိုဝင်ဘာလမှ မေလအထိတိုင် ကြာရှည်ပါသည်။၂၀၂၄ ဧပြီလအတွင်းတွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် နေ့အပူချိန်များ မြင့်မားခဲ့သဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း ချောက်မြို့သည် ကမ္ဘာ့အပူချိန် အမြင့်မားဆုံးမြို့အဖြစ် ပါဝင်ခဲ့ပြီး မကွေးမြို့၊ မင်းဘူး၊ ညောင်ဦးနှင့် စစ်ကိုင်းမြို့တို့သည်လည်း ကမ္ဘာ့အပူဆုံးမြို့ ၁၅ မြို့စာရင်းမှာ ပါဝင်ခဲ့ပါသည်။ အဆိုပါ အပူပိုင်းဒေသတွင် မြေတိုက်စားမှုများပြီး အပေါ်ယံမြေဆီလွှာကုန်ခန်းပြီး အပင်များ သဘာဝမျိုးဆက်ရန်ပင် ခက်ခဲလှပါသည်။ သစ်ပင်သစ်တောများ နည်းပါးခြင်းကြောင့် အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာပျက်စီးပြီး သဲကန္တာရဖြစ်ထွန်းနိုင်သည့်အခြေအနေများ (desert–like formation) ကို တွေ့မြင်နိုင်ပါသည်။

ထို့ကြောင့်လည်း မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇန်နဝါရီလတွင် ကုလသမဂ္ဂ သဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCCD) အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့သည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး၊ သစ်တောဖုံးလွှမ်းမှု တိုးပွားလာစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ သဘာဝတောကျန်များ ပြုစုထိန်းသိမ်း ကာကွယ်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

> ❑ **ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှု၊ သဲကန္တာရဖြစ်ထွန်းမှုတို့သည် ယခုအချိန်တွင် ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများဖြစ်**
>
> ❑ **ပြုန်းတီးပျက်စီးနေသောမြေယာများ၊ အဆင့်အတန်း ကျဆင်းနေသော မြေယာများ၊ သဲကန္တာရဖြစ်ထွန်းရန် အလားအလာရှိနေသော မြေယာများတွင် သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းနှင့် ကျန်ရှိနေသော သဘာဝတောများကို ထိန်းသိမ်းခြင်းဖြင့် ဂေဟစနစ်များ ပြန်လည်ကောင်းမွန်လာပြီး သဲကန္တာရဖြစ်ထွန်းလာမှုများ၊ မြေယာအဆင့်အတန်း နိမ့်ကျလာမှုများ၊ မိုးခေါင်ရေရှားမှုများကို ကာကွယ်တားဆီးနိုင်မည်**

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် နှစ် ၃၀ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဘက်စုံစီမံကိန်း (၂၀၀၁–၂၀၀၂ မှ ၂၀၃၀–၂၀၃၁ ခုနှစ်အထိ) ရေးဆွဲပြီး သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာများ တိုးမြှင့်သုံးစွဲခြင်းနှင့် ရေရရှိရေးအကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ အပူပိုင်းဒေသတောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် သစ်တောထိန်းသိမ်းရေး အသိပညာပေးရေး၊ တိုးချဲ့ပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောဦးစီးဌာနအနေဖြင့် နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း (၂၀၀၁–၂၀၀၂ မှ ၂၀၃၀–၂၀၃၁ ခုနှစ်အထိ)၊ ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (၂၀၁၆–၂၀၁၇ မှ ၂၀၂၅–၂၀၂၆ ခုနှစ်အထိ)၊ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (၂၀၁၇–၂၀၁၈ ခုနှစ်မှ ၂၀၂၆–၂၀၂၇ ခုနှစ်အထိ) ရေးဆွဲလျက် အပူပိုင်းဒေသ အပါအဝင် ဂေဟစနစ် အမျိုးမျိုးရှိ တောနိမ့်၊ တောပျက်များတွင် စီးပွားရေးစိုက်ခင်းများ၊ ရေဝေရေလဲထိန်းသိမ်းရေး စိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများ၊ စက်မှုကုန်ကြမ်းစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ၊ သီးနှံ သစ်တောရောနှောစိုက်ခင်းများ၊ မြို့ပြသစ်တောများ တည်ထောင်ခြင်း၊ သစ်တောဥယျာဉ်များတည်ထောင်ခြင်း၊ မြစ်ချောင်းအင်းအိုင် ပတ်ဝန်းကျင်နှင့် ကမ်းရိုးတစ်လျှောက် သဘာဝသစ်ပင်သစ်တော ဂေဟစနစ်များထိန်းသိမ်းခြင်းတို့ကိုဆောင်ရွက်ခြင်းဖြင့် အပူပိုင်းဂေဟစနစ်ပြန်လည်တည်ထောင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် အပူပိုင်းဒေသ၏ သဘာဝတောကျန်များကို သစ်တောဥပဒေ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ စနစ်တကျ စီမံအုပ်ချုပ်နိုင်ရန် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် တိုးချဲ့ဖွဲ့စည်းပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက် သဲကန္တာရဖြစ်ထွန်းမှု၊ ပူပြင်းခြောက်သွေ့မှုနှင့် မိုးခေါင်ရေရှားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

အထူးသဖြင့် ယခုနှစ် မိုးရာသီတွင် နှစ်တို၊ နှစ်ရှည်စီမံချက်များအရ စိုက်ပျိုးခြင်းအပြင် အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း ကျေးရွာများ အပူဒဏ်လျော့ပါးသက်သာစေရန်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး အထောက်အကူပြုရန်နှင့် သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရာသီဥတုသာယာကောင်းမွန်လာစေရန် ရည်ရွယ်ပြီး သစ်တောဦးစီးဌာနနှင့် အပူပိုင်း ဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ တစ်ရွာနှစ်ဧက စိုက်ခင်းပေါင်း ၃၀၇ ဒသမ ၄၁ ဧက (အပင်ပေါင်း ၉၂၂၃ ပင်)၊ ဘက်စုံသုံးစိုက်ခင်းပေါင်း ၁၃၉၃ ဒသမ ၇၉ ဧက (အပင်ပေါင်း ၄၄၅၅၂၄ ပင်)၊ ကျေးရွာထင်းစိုက်ခင်းပေါင်း ဧက ၁၈၅၀ (အပင်ပေါင်း ၁၅၅၅၁၀၀)၊ ကျေးရွာစုစုပေါင်း ၈၀၉ ရွာတွင် စုစုပေါင်းဧက ၃၅၅၁ ဒသမ ၂ စုစုပေါင်းအပင် ၂၀၉၂၈၄၇ ပင် စိုက်ပျိုးတည်ထောင် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်သာယာစေရေး အထောက်အကူပြုရန်နှင့် ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများ အရိပ်ခိုနားနေနိုင်ရန် လမ်းဘေးဝဲ၊ ယာ အရိပ်ရအပင်များ စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မ စိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောဦးစီးဌာန အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့အနေဖြင့် ဂေဟစနစ်အမျိုးမျိုးတွင် သစ်တောများပြန်လည်တည်ထောင်ရန်နှင့် သစ်တောဖုံး လွှမ်းမှုတိုးပွားလာစေရန် နှစ်စဉ်သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ်မိုးရာသီတွင် နိုင်ငံနှင့်အဝန်း စီးပွားရေး စိုက်ခင်း ၈၃၃၅ ဧက၊ (အပင်ပေါင်း ၅၉၃၂၉၀၀ ပင်)၊ ရေဝေရေလဲစိုက်ခင်း ဧက ၁၇၅၀ ( အပင်ပေါင်း ၄၅၆၅၇၅ ပင်)၊ စက်မှုကုန်ကြမ်းစိုက်ခင်း ဧက ၁၁၀၀ (အပင်ပေါင်း ၅၉၄၀၀၀)၊ ဒီရေတောစိုက်ခင်း ဧက ၁၄၉၀၊ (အပင်ပေါင်း ၁၈၀၂၉၀၀)၊ ကျေးရွာထင်းစိုက်ခင်း ၃၀၃၆ ဧက (အပင်ပေါင်း ၂၉၉၀၁၆၀)၊ အခြားစိုက်ခင်း ဧက ၂၀၀၊ (အပင်ပေါင်း ၂၄၂၀၀၀)၊ တောင်တန်း စိုက်ခင်း ၂၇၅ ဧက (အပင်ပေါင်း ၁၁၀၈၂၅ ပင်) စိုက်ပျိုးခြင်းတို့အပြင် အာဆီယံလမ်းမကြီးများ၊ အမြန်လမ်းဘေး ဝဲ၊ ယာနှင့် ရထားလမ်းဘေး ဝဲ၊ ယာသစ်ပင်စိုက်ပျိုးခြင်း၊ ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ဘက်စုံသုံး စိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်းနှင့် လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးခြင်းများကို နိုင်ငံနှင့်အဝန်း ဧရိယာစုစုပေါင်း ၂၂၄၂ ဒသမ ၁၂ ဧကနှင့် အပင်ပေါင်း ၂၂၃၁၇၂၇ ပင်ကို စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။

### သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး

ရာသီဥတုပြောင်းလဲမှု၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှု၊ သဲကန္တာရဖြစ်ထွန်းမှုတို့သည် ယခုအချိန်တွင် ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများဖြစ်ပါသည်။ အဆိုပါ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကို တားဆီးကာကွယ်ရန်၊ ပြန်လည်ကုစားရန်နှင့် မူလသဘာဝပတ်ဝန်းကျင်ကို ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိစေရန် အရိုးရှင်းဆုံး နည်းလမ်းသည် သဘာဝ အခြေခံဖြေရှင်းသည့် နည်းလမ်းများ (Nature Based Solutions)ကို အသုံးပြုဆောင်ရွက်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြုန်းတီး ပျက်စီးနေသောမြေယာများ၊ အဆင့်အတန်း ကျဆင်းနေသော မြေယာများ၊ သဲကန္တာရဖြစ်ထွန်းရန် အလားအလာရှိနေသော မြေယာများတွင် သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းနှင့် ကျန်ရှိနေသော သဘာဝတောများကို ထိန်းသိမ်းခြင်းဖြင့် ဂေဟစနစ်များ ပြန်လည်ကောင်းမွန်လာပြီး သဲကန္တာရဖြစ်ထွန်းလာမှုများ၊ မြေယာအဆင့်အတန်း နိမ့်ကျလာမှုများ၊ မိုးခေါင်ရေရှားမှုများကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများအကြား သစ်ပင်သစ်တောများ၏ စစ်မှန်သော တန်ဖိုးကို ပိုမိုနားလည်လာပြီး တစ်ဦးတစ်ယောက်ချင်းစီက သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အကျိုးဆက်စပ်ပတ် သက်သူများ၊ ပုဂ္ဂလိကကဏ္ဍများ၊ ပြည်သူများ အားလုံးပူးပေါင်းပြီး ရာသီဥတုပြောင်းလဲမှု လျှော့ချရေး၊ အပူပိုင်းဒေသ **မိုးခေါင်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းနှင့် သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်း အပါအဝင်** ဒေသနှင့်ကိုက်ညီသည့် ဂေဟစနစ်ပြန်လည်ထိန်းသိမ်းရေး၊ မြေယာပြန်လည်ပြုပြင်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ မိမိတို့၏ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များကို သစ်တောများဖုံးလွှမ်းနေသော၊ စိမ်းလန်းစိုပြည်သော၊ ရာသီဥတုမျှတကောင်းမွန်သော၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသော ဒေသကြီးများ ဖြစ်လာစေရန် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း ယခုနှစ် **ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့**အား ဂုဏ်ပြုအပ်ပါသည်။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၃

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် မြို့ဦးပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝ မဟာထေရ်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်၊ ဆီ၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့ အနော်ရထာရပ်ကွက်ရှိ အားမာန်သစ်စာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်တိုက်အတွင်း ပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တပ်ကုန်းမြို့နယ်အတွင်းရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ MSME လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက MSME လုပ်ငန်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး (ယာပုံ) တောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းမှ မိုးစပါးအတွက် ဓာတ်မြေဩဇာများကို ပေးအပ်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အောင်မြေရိပ်သာကျေးရွာ ကွင်းအမှတ် (၁၄၁၇)တွင် ၂၀၂၄-၂၀၂၅ ခုနှစ်၊ နွေနှမ်းသီးနှံ ပေါင်ကြီးတင် စံပြကွက် ၁၀ ဧကစိုက်ခင်းတွင် အောင်မြင်ဖြစ်ထွန်းနေသည့် နွေနှမ်းသီးနှံများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အဆင့် သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆုနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော မြို့နှင့်ကျေးရွာတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုရကျောင်းများနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့နှင့်ကျေးရွာများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။




ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် Foundation For Life and Culture Movement ကိုရီးယားကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ တွေ့ဆုံ၍ မြန်မာနိုင်ငံမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးအလုပ်သမားများ ရာသီလုပ်သားခေါ်ယူရေးနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

**သတင်းစဉ်**

# သားငါးကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးမြှင့်တင်နိုင်ရေးနှင့် ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇွန် ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ရှိ ပုဂ္ဂလိကမွေးမြူရေး လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာမှ မွေးမြူရေးတောင်သူ၏ အသားတိုးဝက် မွေးမြူရေးခြံ၌ CP – အသားတိုးဝက်ကောင်ရေ ၁၂၀၀ မွေးမြူထားရှိမှုနှင့် နေပြည်တော်ကောင်စီ နယ်မြေအတွင်းနှင့် မိတ္ထီလာ၊ မန္တလေးမြို့တို့သို့ ဖြန့်ဖြူးပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် ကံသာကျေးရွာ၌ Join Global



Myanmar Co.,Ltd ၏ Ross–308 အသားစားမျိုး ကြက်ကောင်ရေ ၁၄၀၀၀ မွေးမြူထားရှိမှုနှင့် အသားစားကြက်မျိုးဥများ ထုတ်လုပ် ဖြန့်ဖြူးပေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းများတွင် ဇီဝလုံခြုံရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် လုပ်ငန်းခွင်ဆောင်ရွက်သူများ ကူးစက်ရောဂါကင်းစင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အလေးထားဆောင်ရွက်ရန် လိုအပ်ချက်များ၊ မွေးမြူရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရေးနှင့် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေးဆိုင်ရာများ၊ မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါများ သတိပြုကာကွယ်ရန် လိုအပ်ချက်များ၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ဂေဟစနစ် ထိန်းသိမ်းရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇေယျာသီရိမြို့နယ် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)၌ တည်ဆောက်လျက်ရှိသည့် တိရစ္ဆာန်များအား ကူးစက်ရောဂါများ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် သီးသန့်ထားရှိရန် ISOLATION CENTER ပြီးစီးမှုအခြေအနေကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာန၊ ရေဆင်းငါးစခန်း၏ ငါးမျိုးသားဖောက်ခြင်း၊ ဒေသတွင်းငါးမျိုးများ ဖြန့်ဖြူးခြင်း၊ ငါးမွေးတောင်သူများကို ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်(GAqP) သင်တန်းပေးခြင်း လုပ်ငန်းများ၊ စားဖား သားဖောက်မွေးမြူထားရှိမှုနှင့် ရွှေဝါငါးကြင်း ဆေးထိုးသားဖောက် မွေးမြူထားရှိမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ငါးသားပေါက်များ လျာထားချက်ပြည့်မီစွာ ထုတ်လုပ်ပေးနိုင်ရေး၊ ကြီးထွားနှုန်း ပိုမိုကောင်းမွန်ပြီး ရောဂါဒဏ် ခံနိုင်ရည်မြင့်မားသည့် ငါးမျိုးများ ရွေးချယ်ထုတ်လုပ်ပေးနိုင်ရေး မှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး တိုင်းပြည်နှင့် လူမျိုးအတွက် နှစ်ရှည်လများ သက်စွန့်ကြိုးပမ်းတာဝန် ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)နှင့်အထက် အဘိုးအဘွား၊ တပ်မတော်သားများအတွက် ဆန်၊ ဆီနှင့် အလှူငွေကျပ် ၁၀၀၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ အရာထမ်းလောင်း (အထူး)သင်တန်း အမှတ်စဉ်(၁၃) ဖွင့်လှစ်

**နေပြည်တော် ဇွန် ၃**

အရာထမ်းလောင်း (အထူး) သင်တန်းအမှတ်စဉ်(၁၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်က ယခုသင်တန်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်ရှိ ပညာဌာနရှစ်ခုမှ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ခေတ်စနစ်နှင့်လျော်ညီပြီး နိုင်ငံတကာစံနှုန်းများနှင့်အညီ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးဝင်သည့် သက်ဆိုင်ရာ ဘာသာရပ်များကို ပို့ချမည်ဖြစ်ပြီး ပြင်ပကျွမ်းကျင်ပညာရှင်များကလည်း ပညာရပ်ပိုင်းဆိုင်ရာ ဘာသာရပ်များကို လာရောက်ဆွေးနွေးမည်ဖြစ်သည့်အတွက် မိမိတို့၏ အရည်အသွေးမြင့်မားလာစေရေး အပြန်အလှန် ဆွေးနွေးကြစေလိုကြောင်း၊ ဝန်ထမ်းကောင်းများ ဖြစ်စေရေး ကြိုးပမ်းသွားကြရန်နှင့် ဝန်ထမ်းသက်တမ်းတစ်လျှောက် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားပြီး အဂတိတရားကင်းရှင်းကာ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်သော ဝန်ထမ်းများဖြစ်အောင် ပြုမူနေထိုင်သွားကြရန် ပြောကြားသည်။ (ဓါတ်ပုံ)

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၇ ဦး၊ သင်တန်းသူ ၉၂ ဦး စုစုပေါင်း ၁၁၉ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်သည် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၆၈)၊ အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၇၅) နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၁၀၈)တို့၏ စစ်ရေးပြသင်ခန်းစာနှင့် လက်နက်ငယ်သင်ခန်းစာသင်ယူနေမှု၊ ရိက္ခာသိုလှောင်ထားမှုနှင့် သင်တန်းသားသင်တန်းသူများ၏ စားသောက်ရေး အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားသင်တန်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဂျပန်ကေရီဘုရင်မ အီမာရီတာမီချီကို ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရ

**တိုကျို ဇွန် ၃**

ဂျပန်ဘုရင့်မိသားစုဆိုင်ရာ အေဂျင်စီက ဂျပန်ကေရီဘုရင်မ အီမာရီတာ မီချီကိုသည် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ခံထားရကြောင်း ပြောကြားခဲ့သည်။

ဘုရင်မကြီးသည် တနင်္ဂနွေနေ့ အစောပိုင်းကတည်းက ချောင်းဆိုးနေခဲ့ကြောင်းနှင့် တနင်္လာနေ့နံနက်ပိုင်းတွင် လည်ချောင်းထဲ၌ မသက်မသာ ဖြစ်ပွားခဲ့ကြောင်း ဂျပန်ဘုရင့်မိသားစုဆိုင်ရာ အေဂျင်စီက ပြောသည်။

ဘုရင်မကြီးသည် ပီစီအာရ် စမ်းသပ်စစ်ဆေးမှုခံယူခဲ့ချိန်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိခဲ့သည်။ ဘုရင်မကြီးသည် တိုကျိုအိမ်တော်တွင် နာလန်ပြန်ထူလာပြီဖြစ်ကြောင်း အေဂျင်စီက ဆက်လက်ပြောကြားခဲ့သည်။

ဂျပန်ကေရာဇ်ဘုရင်ကြီး၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားလျက် မရှိကြောင်း အေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ကေရာဇ်မောင်နှံသည် လွန်ခဲ့သောသီတင်းပတ်က တိုကျိုမြောက်ပိုင်း တိုချီဂီခရိုင်ရှိ နစ်ကိုဒေသသို့ သွားရောက်လည်ပတ်ခဲ့ပြီး တိုကျိုသို့ သောကြာနေ့က ပြန်လည်ရောက်ရှိခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## မက္ကဆီကိုမြို့တော်ဝန်ဟောင်း နိုင်ငံ၏ ပထမဆုံး အမျိုးသမီးသမ္မတဖြစ်လာ

**မက္ကဆီကိုစီးတီး ဇွန် ၃**

တနင်္ဂနွေနေ့ ရွေးကောက်ပွဲပြီးနောက် ၎င်း၏ အောင်ပွဲမိန့်ခွန်းတွင် ကလော်ဒီယာရှိန်ဘမ်းက မိမိသည် မက္ကဆီကို နိုင်ငံ၏ ပထမဆုံး အမျိုးသမီးသမ္မတ တစ်ဦး ဖြစ်လာတော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ရွေးကောက်ပွဲ အာဏာပိုင်များက မက္ကဆီကို မြို့တော်ဝန်ဟောင်း မက္ကဆီကို နိုင်ငံ၏ လူကြိုက်အများဆုံး ပါတီဖြစ်သည့် မိုရီနာပါတီ၏ သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ကလော်ဒီယာရှိန်ဘမ်းသည် ကနဦးရလဒ်တွင် မဲရာခိုင်နှုန်း ၅၈ မှ ၆၀ ရာခိုင်နှုန်းကြား အထိ ရရှိကြောင်း ကြေညာခဲ့သည်။

ရှိန်ဘမ်းသည် ၎င်းနှင့်အနီးဆုံးပြိုင်ဘက်ဖြစ်သည့် ဇိုချီတယ်ဂါးဗက်ကို မဲအသာဖြင့် အနိုင်ရရှိခဲ့သည်။

ရွေးကောက်ပွဲသည် ပြိုင်ဘက်နှစ်ဦးကြား အကျိုးရှိသည့် ယှဉ်ပြိုင်မှုတစ်ခုဖြစ်ခဲ့သည်။ ဇိုချီတယ်ဂါးဗက်သည် လွှတ်တော်အမတ်ဟောင်းတစ်ဦး ဖြစ်ပြီး အတိုက်အခံ ညွန့်ပေါင်းအဖွဲ့၏ ကိုယ်စားလှယ်လောင်း တစ်ဦးလည်းဖြစ်သည်။ ရှိန်ဘမ်းက ယခုလိုအောင်မြင်မှုသည် မိမိတစ်ဦးတည်းအတွက် အောင်မြင်မှုမဟုတ်ဘဲ အမျိုးသမီးအားလုံးအတွက် အောင်မြင်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

မူးယစ်ကုန်သည်ကြီးများနှင့် အခြားအဖွဲ့များ၏ လူသတ်မှု၊ ပြန်ပေးဆွဲမှုများ ကဲ့သို့သော အကြမ်းဖက်ဖြစ်ရပ်များ ဖြစ်ပွားနေချိန်တွင် ကလော်ဒီယာရှိန်ဘမ်းသည် မက္ကဆီကိုနိုင်ငံ၏ သမ္မတဖြစ်လာမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



## ဆီးရီးယားနိုင်ငံ အလက်ပိုမြို့ကို အစ္စရေးက လေကြောင်းတိုက်ခိုက်၊ ၁၂ ဦးသေဆုံး

**ဒမတ်စကတ် ဇွန် ၃**

တနင်္လာနေ့ သန်းခေါင်ကျော် နောက်ပိုင်းတွင် ဆီးရီးယားနိုင်ငံ မြောက်ပိုင်း အလက်ပိုပြည်နယ်ကို အစ္စရေးက လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ အီရန်လိုလားသော ပြည်သူ့စစ် ၁၂ ဦး သေဆုံးကြောင်း ဆီးရီးယား လူ့အခွင့်အရေး လေ့လာ စောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

ဆီးရီးယားနှင့် ဆီးရီးယား မဟုတ်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော အဆိုပါပြည်သူ့စစ်အဖွဲ့သည် အလက်ပိုမြို့ ဝန်းကျင်တွင် သိသိသာသာ လှုပ်ရှားလျက်ကြောင်း ၎င်းအဖွဲ့က ပြောသည်။ အဆိုပါ တိုက်ခိုက်မှုများမှာ အဓိကအားဖြင့် အလက်ပိုမြို့ အနောက်မြောက်ဘက် ဟေယန်မြို့ အလက်ပိုကျေးလက်ဒေသရှိ နေရာများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့အနှံ့ ပေါက်ကွဲသံများ ကြားရကြောင်း၊ လွန်ခဲ့သည့်လ နောက်ပိုင်း ဆီးရီးယားတွင် လက်ဘနွန်ဟစ်ဘိုလာနှင့် အီရန်ပြည်သူ့စစ်များ ထိန်းချုပ်ထားသော နေရာများကို အစ္စရေး၏ တိုက်ခိုက်မှုမြှင့်တင်ခြင်း တစ်စိတ်တစ်ပိုင်းအဖြစ် အဆိုပါ တိုက်ခိုက်မှု ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ဆီးရီးယား လူ့အခွင့်အရေး လေ့လာ စောင့်ကြည့်ရေးအဖွဲ့က မှတ်ချက်ပြုပြောသည်။



ဆီးရီးယား ကာကွယ်ရေးဝန်ကြီးဌာနကလည်း အလက်ပို အနီး နေရာအများအပြားကို ပစ်မှတ်ထားကာ အစ္စရေး၏ ရန်လိုသော တိုက်ခိုက်မှုအတွင်း လူပေါင်းများစွာ သေဆုံးခဲ့ကြောင်း အတည်ပြုခဲ့သည်။

**ဆင်ဟွာ**



အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်တွင် ကလေးငယ်တစ်ဦးကို ဇွန် ၃ ရက်က ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးစဉ်။

## အာဖဂန်နစ္စတန်နိုင်ငံ၌ လေးရက်ကြာ ပိုလီယိုရောဂါတိုက်ဖျက်ရေးလှုပ်ရှားမှု စတင်

**ကဘူးလ် ဇွန် ၃**

အာဖဂန်နစ္စတန်နိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း ဒုတိယအကြိမ် နိုင်ငံအနှံ့ ပိုလီယိုရောဂါတိုက်ဖျက်ရေးလှုပ်ရှားမှုကို ဇွန် ၃ ရက်တွင် စတင်ခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဇွန် ၆ ရက်အထိ လေးရက်ကြာ လှုပ်ရှားဆောင်ရွက်မှုအတွင်း အသက် ငါးနှစ်အောက် ကလေးငယ် ၁၁ ဒသမ ၂ သန်းကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသွားမည်ဖြစ်သည်။ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် ၎င်းတို့၏ မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ကာ အာဖဂန်နစ္စတန်နိုင်ငံတွင် ပိုလီယိုအရိုင်းပိုးကို အမြစ်ဖြတ်နိုင်သည်အထိ လုပ်ဆောင်သွားရန် ရည်မှန်းထားကြောင်း ယာယီပြည်သူ့ကျန်းမာရေးဝန်ကြီး ဂျလာလီက ပြောသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ငါးလဆက် ပိုလီယိုအရိုင်းပိုးရောဂါဖြစ်ပွားခြင်းမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မတ်လတွင် အစီရင်ခံဖော်ပြထားသည်။

**ဆင်ဟွာ**

## သီရိလင်္ကာနိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် ၁၂ ဦးသေဆုံးပြီး ၈၇၀၀၀ ကျော် ရေဘေးသင့်

**ကိုလံဘို ဇွန် ၃**

သီရိလင်္ကာနိုင်ငံ၌ မကြာသေးမီက ရေကြီးရေလျှံမှုအတွင်း ၁၂ ဦး သေဆုံးပြီး အခြား ၈၇၀၀၀ ကျော် ရေဘေးသင့်မှု ဖြစ်ပွားခဲ့ကြောင်း ဇွန် ၃ ရက်တွင် ကာကွယ်ရေးဝန်ကြီး တန်နာခွန်းက ပြောသည်။

မြို့တော် ကိုလံဘိုအပါအဝင် အနောက်ပိုင်း၊ ဆာဘာရာဂါမူဝါနှင့် တောင်ပိုင်း ပြည်နယ်တို့သည် ရေဘေးသင့်မှု အဆိုးရွားဆုံးခံရသော ပြည်နယ်များဖြစ်ကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ ရေကြီးရေလျှံ ဖြစ်ပွားမှုကြောင့် စုစုပေါင်း ၁၂ ဦး သေဆုံးပြီး ငါးဦးပျောက်ဆုံးနေကြောင်း ၎င်းက ဆက်ပြောသည်။

လတ်တလောတွင် ပြောင်းရွှေ့ရေးနှင့် ကယ်ဆယ်ရေးစင်တာ ၁၁၉ ခုရှိပြီး ရေကြီးရေလျှံမှု ဒဏ်သင့်သောပြည်သူ ၂၃၇၀၀ ကျော် ခိုလှုံလျက်ရှိကြောင်း သိရသည်။ အနောက်ပိုင်း၊ ဆာဘာရာဂါမူဝါ၊ အလယ်ပိုင်း၊တောင်ပိုင်းနှင့် အနောက်မြောက်ပိုင်း ပြည်နယ်များတွင် တစ်ခါတစ်ရံ မိုးထစ်ချုန်းရွာသွန်းနိုင်ဖွယ်ရှိကြောင်း မိုးလေဝသဌာနက ဇွန် ၃ ရက်တွင် ပြောသည်။

သီရိလင်္ကာ ဘေးအန္တရာယ်စီမံခန့်ခွဲမှုစင်တာ (ဒီအမ်စီ)က နိုင်ငံတစ်ဝန်းတွင် ဇွန် ၂ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သည့်အတွက် ကိုလံဘိုမြို့ ဆင်ခြေဖုံးနှင့် အခြားဒေသ အများအပြားကို ရေကြီးရေလျှံမှု သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ဇွန် ၂ရက်အစောပိုင်းကတည်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကိုလံဘိုမြို့ ဆင်ခြေဖုံးရှိ အဓိက ကီလာနီမြစ်နှင့် နိုင်ငံတောင်ပိုင်း ဂျင်မြစ်တို့၏ ရေမျက်နှာပြင်မှာ မြစ်ရေလျှံမှု အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဆည်မြောင်းဌာနက ပြောသည်။

**ဆင်ဟွာ**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲကျင်းပ

**မုံရွာ ဇွန် ၃**

စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာသိပ္ပံ (မုံရွာ) ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၃ ရက် နံနက်ပိုင်းက အဆိုပါကျောင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ကျောင်းအုပ်ကြီး၊ နည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး **(ယာပုံ)** တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးထံ အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ) ကျောင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ) ကျောင်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် အားကစားသင်ထောက်ကူပစ္စည်းများ၊ ကျောင်းသား ကျောင်းသူများ၏ အသုံးအဆောင်ပစ္စည်းများနှင့် ကျောင်း၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါကျောင်းဝင်းအတွင်းရှိ အားကစားရုံများ၌ ကျောင်းသား ကျောင်းသူများ၏ ကရာတေးဒို၊ Gym၊ အလေးမနှင့် လက်ဝှေ့အားကစားနည်းများ လေ့ကျင့်နေမှုများနှင့် ကျောင်းစာကြည့်တိုက်အတွင်း လိုက်လံကြည့်ရှု စစ်ဆေးကြပြီး ကျောင်း၏ လေ့ကျင့်သင်ကြားရေး လုပ်ငန်းများအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါကျောင်းရှိ စားရိပ်သာဆောင်၌ ကျောင်းအုပ်ကြီးနှင့် နည်းပြဆရာ/ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ရင်းရင်းနှီးနှီး နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် ယနေ့အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၅၃၆၇၁၃ ဦး အပ်နှံပညာသင်ကြားလျက်ရှိ

**နေပြည်တော် ဇွန် ၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ယနေ့နံနက်ပိုင်းမှ စတင်ဖွင့်လှစ်နေပြီဖြစ်သည်။

နိုင်ငံအဝန်း၌ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများတွင်လည်း ကျောင်းသား ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ယနေ့အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၅၃၆၇၁၃ ဦး အပ်နှံပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။ စာသင်ကျောင်းများတွင် သက်ဆိုင်ရာ အတန်းအလိုက် သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများကို သင်ရိုးညွှန်းတမ်း စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကို အခမဲ့ထုတ်ပေးပြီး KG နှင့် မူလတန်း ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံများ အခမဲ့ပေးအပ်လျက်ရှိသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက



ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်ဦး

စာသင်ခန်းများတွင် စာသင်ခုံများ နေရာချထားခြင်း၊ ကျောင်း ကြို/ပို့ ယာဉ်များ စီစဉ်ပေးခြင်း၊ ကျောင်းများ သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးထားသည်။

ထို့ပြင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြု ပြည်သူလူထုလုံခြုံရေးအဖွဲ့များ ပူးပေါင်း၍ အေးချမ်းစွာပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက် ကျောင်းအပ်လက်ခံပေးလျက်ရှိကြောင်း သိရသည်။

ယခုလို အခြေခံပညာကျောင်းများ ဖွင့်လှစ်ကာ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုနှင့် ပတ်သက်၍ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ၏ စကားသံများကိုလည်း ခုလိုပဲ ကြားသိရပါသည်-



**ဆရာကြီး ဦးဝင်းမြင့်ဦး**
**ကျောင်းအုပ်ကြီး၊ အမှတ် (၅)**
**အခြေခံပညာအထက်တန်းကျောင်း**

ဒီ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မှာ ကျောင်းသားတွေအတွက် ဆိုပြီးတော့ နိုင်ငံတော်ကနေ အခမဲ့ပညာရေးအပြင် ဝတ်စုံတွေပေးတယ်၊ ဗလာစာအုပ်တွေ ပေးတယ်၊ ခဲတံတွေ၊ ဘောပင်တွေ နိုင်ငံတော်က ထောက်ပံ့ပေးနေတာ ဖြစ်ပါတယ်။ ကျောင်းမအပ်ရသေးတဲ့ မိဘတွေကလည်း ကျောင်းသားတွေကို အမြန်လာအပ်ဖို့ ပြောချင်ပါတယ်။ ကျောင်းအပ်နှံရေးကို ၂၃-၅-၂၀၂၄ ကနေပြီး ၂-၆-၂၀၂၄ အထိ ကျောင်းအပ်လက်ခံတယ်ဆိုပေမယ့်လည်း ဒီဇွန်လအတွင်း လာအပ်ရင် အကုန်လက်ခံပေးပါတယ်။ ကျောင်းမအပ်ရသေးတဲ့ မိဘတွေကို ကျောင်းလာအပ်လို့ ရပါတယ်လို့ ဖိတ်ခေါ်ပါတယ်။

**ကျောင်းသားမိဘ**

နိုင်ငံတော်က ခုလို ကျောင်းတွေဖွင့်ပေးတဲ့အခါကျ သူ့အရွယ်နဲ့ သူ့အတန်းနဲ့ ပညာသင်ကြားရတဲ့အတွက်ကြောင့် မလို့ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ကျောင်းမအပ်နှံရသေးတဲ့ ကလေးကျောင်းအပ်လိုက်မယ်ဆိုရင် အခုလို ပညာသင်ကြားရမယ့်အရွယ် ကလေးမှာ ပညာသင်ကြားခွင့် ရသွားတဲ့အတွက်ကြောင့် ကလေးအတွက်လည်း တိုးတက်မှု အများကြီးရှိတဲ့အတွက်ကြောင့် ကျောင်းမအပ်ရသေးရင်လည်း ကျောင်းအပ်ပေးကြပါလို့၊ အခုအချိန်အထိလည်း အားလုံးကို ကျောင်းအပ်လက်ခံနေပါသေးတယ်လို့ ပြောကြားလိုပါတယ်။ ဖိတ်ခေါ်လိုပါတယ်။



**ကျောင်းသား**

အခုလို ကျောင်းပြန်ဖွင့်ပြီးတော့ အေးအေးချမ်းချမ်းပြန်ပြီးတော့ ပညာသင်ကြားရတဲ့အခါကျတော့ ကျွန်တော်တို့ ကျောင်းသားတွေ၊ သူငယ်ချင်းတွေ အချင်းချင်း ပြန်တွေ့ရပြီးတော့ ပိုပြီးတော့ လုံ့လဝီရိယရှိရှိနဲ့ သင်ယူနိုင်တယ်ပေါ့ဗျာ။ အခြေခံလိုအပ်ချက်တွေ ဖြစ်တဲ့အရာတွေ အကုန်လုံးကို ကျောင်းကနေပြီးတော့ လုံလုံလောက်လောက် ထောက်ပံ့ပေးနိုင်တာရှိပါတယ် ခင်ဗျာ။ ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။



**ကျောင်းသူ**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနားခရိုင် အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းမှာ ပညာသင်ယူနေတဲ့ နှစ်ထပ်ကွမ်း လူရည်ချွန် ဖြစ်ပါတယ်ရှင်။ အခုပညာသင်ယူရတဲ့အခါမှာ နိုင်ငံတော်ကနေပြီးတော့ စာအုပ်တွေ၊ ခဲတံ၊ ခဲဖျက် လိုလေသေးမရှိအောင် အစစအရာရာ ထောက်ပံ့ပေးပါတယ်။ အဲဒီတော့သမီးတို့ ခုပညာသင်ကြားရတဲ့ ကျောင်းသား ကျောင်းသူတွေ ပိုပြီးတော့ အဆင်ပြေချောမွေ့တာပေါ့။ ဒီလိုမျိုး သမီးတို့ကို အစိုးရကျောင်းတွေမှာ ပညာအေးအေးဆေးဆေးသင်ယူနိုင်အောင် အစစအရာရာ စောင့်ရှောက်ပေးတဲ့ နိုင်ငံတော် အကြီးအကဲများနဲ့ တကွ တာဝန်ရှိသူအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်လို့ ပြောလိုပါတယ်ရှင်။

**သတင်းစဉ်**

## မကွေးပညာရေးဒီဂရီကောလိပ် စတင်ဖွင့်လှစ် သင်ခန်းစာများ သင်ကြားပို့ချ



မကွေး ဇွန် ၃

မကွေးပညာရေးဒီဂရီကောလိပ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများကို ဇွန် ၃ ရက် (ယနေ့) မှစတင်၍ သက်ဆိုင်ရာအတန်းအလိုက် သင်ခန်းစာများ သင်ကြားပို့ချပေးလျက် ရှိသည်။

မကွေးပညာရေးဒီဂရီကောလိပ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာ၌ လေးနှစ်သင် ပုံမှန်သင်တန်းများ ဖြစ်သည့် ပထမနှစ် (ပထမနှစ်ဝက်)၊ ဒုတိယနှစ် (ဒုတိယနှစ်ဝက်)၊ တတိယနှစ် (ပထမနှစ်ဝက်) နှင့် တတိယနှစ် (ဒုတိယနှစ်ဝက်) ကျောင်းသား ကျောင်းသူ ၈၀၃ ဦးနှင့် PPTT အမှတ်စဉ် (၁၁/၂၄) ကျောင်းသား ကျောင်းသူ ၃၂၃ ဦး စုစုပေါင်း ၁၁၂၆ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မန္တလေးနည်းပညာတက္ကသိုလ် ပြန်လည်ဖွင့်လှစ်၍ ကျောင်းသား ကျောင်းသူများ ပညာသင်လျက်ရှိ



မန္တလေး ဇွန် ၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန မန္တလေးနည်းပညာ တက္ကသိုလ် (MTU) ၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ဒုတိယနှစ်ဝက်နှင့် ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် ပထမနှစ်ဝက်တို့တွင် ကျောင်းသား ကျောင်းသူ ၁၁၀၀ ခန့် ဇွန် ၃ ရက်မှ စတင်သင်ကြားလျက်ရှိသည်။

မန္တလေးနည်းပညာတက္ကသိုလ်၌ ပထမနှစ်မှ ဆဋ္ဌမနှစ်အထိ ဘွဲ့ကြိုသင်ကြားခြင်းအပြင် မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာတို့ကို လည်း သင်ကြားပေးလျက်ရှိပြီး ယခုနှစ် ကျောင်းဖွင့်ရာသီ ပထမနေ့တွင် တာဝန်ခံပါမောက္ခချုပ်၊ ဓော်ကွန်းထိန်း၊ ပါမောက္ခဌာနမှူးများနှင့် ကထိကဌာနမှူးများက ကြိုဆိုမိတ်ဆက်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၆၉ ဦး တွေ့ရှိ

(၃-၆-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၆-၅-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၆-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၁,၇၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း COVID-19 ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

❑ ကျော်ဖုံးမှ

စစ်ဆေးဖော်ထုတ်ချက်များအရ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်အောင် နောက်ကွယ်မှ ဆောင်ရွက်လျက်ရှိသည့် တရားခံ ၁၁ ဦးအား ဥပဒေနှင့်အညီ ခေါ်ယူစစ်ဆေးနိုင်ရေးဆောင်ရွက်ခဲ့ရာ ၎င်းတို့သည် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ၏ ဖမ်းဆီးခြင်းမခံရစေရန် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရှိရသည်-

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ |  ဘညွန့် | Perfect Green Money changer | အမှတ်(၂၀၄)၊ ဗိုလ်အောင်ကျော်လမ်း၊ (၈) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၂ |  ဝဏ္ဏထွန်း | Sun Flower Money changer | အမှတ်(၂၅၈/၆၃)၊ ပထမထပ်၊ အနော်ရထာလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရွှေဘုံသာလမ်း၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၃ |  သက်နောင်ဝင်း | ခရမ်းသုံးခွရွှေဆိုင်နှင့် တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အမှတ်(၁၁၈)၊ ဒုတိယထပ်၊ (၂၈) လမ်း၊ (၇) ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၄ |  လှမင်း | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၅ |  အွတ်စမန် (ခ) ဂျက် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အမှတ်(၁၅၄)၊ (၄)လွှာ၊ ဗိုလ်ဆွန် ပတ်လမ်း (အလယ်)၊ (၁၀) ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး | |
| ၆ |  တင်ကိုဦး (ခ) ဥန် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အမှတ် (၇၄၈/က)၊ ကျွန်စစ်သား (၁) လမ်း၊ ကမာကသွယ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၇ |  သန့်ထွန်းအောင် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | ကမာကသွယ်ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၈ |  ရဲကို (ခ) ဝေမင်းခေါင် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အပေါ်ဘလောက်၊ ဗိုလ်ဆွန်ပတ်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး | |
| ၉ |  ရဲမင်းအောင် | တရားမဝင် နိုင်ငံခြားငွေ ရောင်းချသူ | အမှတ်(၅၀၀)၊ သိမ်ဖြူစာတိုက်အနီး၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | |
| ၁၀ |  အိအိကျော် (ခ) မဝါ | ပွဲစား | အခန်းအမှတ်(၁၀၆)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး | |
| ၁၁ |  တင်ကျော်ကျော် (ခ) အာနီး | ပွဲစား | အမှတ်(၁၄)၊ (၈၈)လမ်း၊ ကန်တော်လေး အနောက်ရပ်ကွက်၊ မင်္ဂလာ တောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး | |

ထိုကဲ့သို့ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်း မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်လျက်ရှိသည့် ဖမ်းဆီးရမိတရားခံ စုစုပေါင်း ၁၄ ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် တရားခံ ၁၁ ဦးကိုလည်း ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး မိတ်ပြည်သူများအနေဖြင့် အဆိုပါ ထွက်ပြေးတိမ်းရှောင်နေသည့်တရားခံများအား သိရှိပါက သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံ လျှို့ဝှက်စွာသတင်းပေးပို့နိုင်ကြောင်းနှင့် လက်ခံထားသူများကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှု လှည့်လည်ကြည့်ရှုအားပေး

**စစ်တွေ ဇွန် ၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ကျောင်းအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ ကျောင်းတက်လမ်းရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာကို ကြိုးစားသင်ယူကြခြင်း၊ ပညာတတ်ခြင်းသည် မိဘ၊ ဆရာသမားများအား ကျေးဇူးဆပ်ခြင်းဖြစ်ကြောင်း၊ ပညာရေးသည် ဒေသဖွံ့ဖြိုးရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသည့်အတွက် တန်းစဉ်အဆင့်ဆင့်တွင် ကြိုးစားသင်ယူကြစေလိုကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားပို့ချမှုများကို စိတ်ဝင်တစားဖြင့် ကြိုးစားသင်ယူကြရန် မှာကြားခဲ့ကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)





# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကျုံပျော်ခရိုင်နှင့် မြန်အောင်ခရိုင်များရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေး

**ပုသိမ် ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ကျုံပျော်ခရိုင်နှင့် မြန်အောင်ခရိုင်များရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများအေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် သရက်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက်၍ ကျောင်းအပ်နှံမှု၊ ကျောင်းတက်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ကျုံပျော်မြို့ အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်အောင်ခရိုင်၊ ကြံခင်းမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (ချင်းမြောင်) သို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် KG တန်းမှ Grade-12 အထိ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြန်အောင်မြို့ ထန်းသုံးပင် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအပ်လက်ခံထားရှိမှု၊ ကျောင်းတက်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကိုယ်ပိုင်ကျောင်းများတွင် ယနေ့အထိ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၀ သိန်း ၇ သောင်းကျော် အပ်နှံတက်ရောက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ကယားပြည်နယ်အစိုးရအဖွဲ့မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းများ၊ ထောက်ပံ့ငွေများ ပေးအပ်

**လွိုင်ကော် ဇွန် ၃**

ကယားပြည်နယ်အစိုးရအဖွဲ့မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာအဆင့် ဆရာ ဆရာမများ၊ တက္ကသိုလ်တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများနှင့်ဝန်ထမ်းများ၊ အခြေခံပညာ အဆင့်သင်ကြားနေသော ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် **(အောက်ဝဲပုံ)** နှင့် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပညာသင်စရိတ်၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ရာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက လက်ခံသည်။



အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် ကယားပြည်နယ်အစိုးရအဖွဲ့မှ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာအဆင့် ဆရာ ဆရာမများ၊ တက္ကသိုလ်တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများနှင့်ဝန်ထမ်းများ၊ အခြေခံပညာအဆင့်သင်ကြားနေသော ဝန်ထမ်းများ၏ သားသမီးများ စုစုပေါင်း ၁၅၅၂ ဦးအတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းများ၊ ထောက်ပံ့ငွေများထောက်ပံ့ပေးအပ်မှု စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၄၄၃၆၀၀၀ ဖြစ်ကြောင်း သိရသည်။

ပြည်နယ် (ပြန်\ဆက်)



# ရေနံချောင်းမြို့နယ်၌ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားနေမှု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ရေနံချောင်း ဇွန် ၃**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ရေနံချောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအားလုံးကို ဇွန် ၃ ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင့်လွင်သည် တာဝန်ရှိသူများနှင့်အတူ ရေနံချောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး စာသင်ခန်းများတွင် ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ စာသင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ရေနံချောင်းမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၁၅၀ နှင့် ကိုယ်ပိုင်ကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအပါအဝင် ယနေ့အထိ ကျောင်းအပ်နှံသည့် ကျောင်းသားကျောင်းသူဦးရေ ၂၃၀၀၀ ကျော် လာရောက်အပ်နှံတက်ရောက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ပညာရေးဖြင့် ခေတ်မှီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့**

## ရန်ကုန်တက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သင်တန်းများအားလုံး စတင်ဖွင့်လှစ်သင်ကြား

**ရန်ကုန် ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်အတွင်းရှိ ရန်ကုန်တက္ကသိုလ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သင်တန်းများအားလုံးကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။



၂၀၂၃-၂၀၂၄ ပညာသင်နှစ် (ဒုတိယပညာသင်ကာလ)သင်တန်းများမှာ ပထမနှစ်၊ ဒုတိယနှစ် (၂၀၂၂ အောင်)၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ် (ဥပဒေ)၊ ပထမနှစ်ဂုဏ်ထူးတန်း၊ ဒုတိယနှစ် ဂုဏ်ထူးတန်း၊ တတိယနှစ်ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ မဟာဘွဲ့ပထမနှစ်၊ မဟာဘွဲ့ ဒုတိယနှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (ပထမပညာသင်ကာလ) သင်တန်းများမှာ တတိယနှစ် (၂၀၂၀အောင်)၊ ပထမနှစ်ဂုဏ်ထူးတန်း (၂၀၂၀အောင်)၊ မဟာဥပဒေပထမနှစ်၊ မဟာဥပဒေ ဒုတိယနှစ်၊ ဒီပလိုမာပထမနှစ် သင်တန်း၊ ဒီပလိုမာဒုတိယနှစ်သင်တန်း၊ ပါရဂူသင်တန်းများအားလုံးကို ဇွန် ၃ ရက်မှ စတင်ဖွင့်လှစ်လျက်ရှိသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် (ဒုတိယပညာသင်ကာလ) နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် (ပထမပညာသင်ကာလ) ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်မည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ခန့်မှန်းဦးရေ ၃၀၀၀ ကျော်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဆီဆိုင်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၁၃၁၁၅ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိ

**ဆီဆိုင် ဇွန် ၃**

နိုင်ငံတစ်ဝန်း အခြေခံပညာ စာသင်ကျောင်းများကို ဇွန် ၃ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်၌ ယနေ့ နံနက်ပိုင်းတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။



ဆီဆိုင်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အခြေခံပညာ အထက်တန်းကျောင်း ကိုးကျောင်း၊ အလယ်တန်းကျောင်း ၁၆ ကျောင်း၊ မူလတန်းကျောင်း ၁၂၀ စုစုပေါင်း အခြေခံပညာ စာသင်ကျောင်း ၁၄၅ ကျောင်း ဖွင့်လှစ်ခဲ့ပြီး ကျောင်းအပ်နှံပြီးသည့် ကျောင်းသား ကျောင်းသူ ၁၃၁၁၈ ဦးရှိပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူ ၁၃၁၁၅ ဦး တက်ရောက်ပညာ သင်ကြားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**နေမင်း(ဆီဆိုင်)**

## ကျောက်တလုံးကြီးမြို့နယ်၌အခြေခံပညာကျောင်းပေါင်း ၇၃ ကျောင်း ဖွင့်လှစ်သင်ကြား

**ကျောက်တလုံးကြီး ဇွန် ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးငယ်များ ပညာသင်ယူခွင့်ရရှိစေရေးအတွက် ယနေ့နံနက် ၉ နာရီမှစတင်၍ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြင့် တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

ထိုသို့ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ကျောက်တလုံးကြီးမြို့အတွင်း အခြေခံပညာကျောင်းပေါင်း ၇၃ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ကျောက်တလုံးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ၂၅၁ ဦး၊ ကျောင်းသူ ၃၀၉ ဦး စုစုပေါင်း ၅၆၀ တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ ကျောက်တလုံးကြီးမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူဦးရေ ရာနှုန်းပြည့် အေးချမ်းစွာ တက်ရောက်ပညာသင်ယူလျက် ရှိကြောင်း သိရသည်။

**ဇော်နိုင်လင်း**

## သက်ဆုံးထိတိုင် မေတ္တာဖွဲ့ရသဝတ္ထုတိုများစာအုပ် ထွက်ရှိ

**နေပြည်တော် ဇွန် ၃**

ဆရာမ တက္ကသိုလ်နန်းမိုခမ်း၏ တက္ကသိုလ်နန်းမိုခမ်း သက်ဆုံးထိတိုင် မေတ္တာဖွဲ့ ရသဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

ဤစာအုပ်၏ လက်ရာရှင်သည် ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် "မွေးနေ့ပန်းလက်ဆောင်" ဂျာမန်ဝတ္ထုတိုများ ဘာသာပြန်စာအုပ်၊ ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် "မိဘတို့၏ ဂုဏ်ရည်" ဘဝထဲက အမှတ်တရစာစုများ စာအုပ်တို့ကို ထုတ်ဝေထားခဲ့ပြီး အခြားကလောင်စုံ စုပေါင်းစာအုပ်များစွာ တို့တွင်လည်း ရသစာပေများကို လက်စွမ်းပြ ရေးသားလျက်ရှိသည်။



ယခုထုတ်ဝေသည့် "သက်ဆုံးထိတိုင်" (မေတ္တာဖွဲ့ရသဝတ္ထုတိုများ) စာအုပ်သည် လူမှုဘဝရပ်ဌာနအသီးသီးမှ ချစ်ခြင်းမေတ္တာများကို ရှုမြင်ခံစားရေးသားထားသည့် ဆရာမ တက္ကသိုလ်နန်းမိုခမ်း၏ အတွေးလက်ရာများဖြစ်သည့် စေတနာမုန်သောကံတရား၊ အချစ်စစ်တို့ မည်သည်၊ နှောင်းနှောင်တ၊ သွေးကပြောသောအခါ၊ ရက်စက်မှုများကြားက မဟာကရုဏာရှင်၊ သက်ဆုံးထိတိုင်၊ ကြမ္မာရဟတ်တစ်ပတ်လည်၊ ငယ်ငယ်တုန်းကသူငယ်ချင်း၊ အဖေဟူသည်၊ နှလုံးသားရပ်ဝန်းမှ အစပြုခဲ့သော ဝေဒနာမုန်တိုင်း အစရှိသည့် ရသဝတ္ထုတို ၁၂ ပုဒ်ကို စုစည်းစီစဉ်ထားခြင်းဖြစ်သည်။

ယင်းစာအုပ်ကို တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ပွင့်ပန်းသစ္စာစာပေ အမှတ်(၇) မင်္ဂလာလမ်း၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၉-၇၅၉၀ ၃၉ ၇၅၂၊ ၀၉-၆၉၂ ၇၃၉ ၅၂၀ တို့သို့ ဆက်သွယ်မှာယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## မုန်တိုင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်တွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ။



၂။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၃။ မိသားစုများအရေးပေါ် ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ် ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၄။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



## မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟာလ သတင်းများကို မယုံပါနှင့်။



၂။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။



၃။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ကျေးရွာ၊မြို့၊ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီးမိသားစုဝင်တိုင်း ယူဆောင်ထားပါ။

၄။ မုန်တိုင်းဒီရေကို အထူးဂရုပြုပါ။

၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။



## ကျောက်ဆည်ခရိုင်၌ မိုးချည်မျှင်ရှည်ဝါ ကေ ၃၀၀၀ ကျော် စိုက်ပျိုးထား



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ မိုးချည်မျှင်ရှည်ဝါများ စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်၌ ၈၅ ကေ၊ စဉ့်ကိုင်မြို့နယ်၌ ကေ ၁၉၀၊ မြစ်သားမြို့နယ်၌ ကေ ၂၇၃၀ စုစုပေါင်း ၃၀၀၅ ကေ စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ သိရသည်။

မိုးချည်မျှင်ရှည်ဝါကို မြစ်သားမြို့နယ်အတွင်းရှိ ဒိုင်းကျေးရွာ၊ မြနဒီနှင့် လွန်ကျော်ကျေးရွာများ၌ အများဆုံး စိုက်ပျိုးလျက်ရှိကြောင်း၊ မိုးချည်မျှင်ရှည်ဝါစိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခုနှစ် မိုးချည်မျှင်ရှည်ဝါများ ထွက်ပေါ်ချိန်တွင်လည်း အရည်အသွေးကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဟု ခန့်မှန်းထားရှိကြောင်း၊ ချည်မျှင်ရှည်ဝါစိုက်ခင်းများတွင် ယခင်နှစ်ကတစ်ကေလျှင် ၇၀၀-၈၀၀ ပိဿာအထိထွက်ရှိပြီး ဈေးကွက်၌ လက်ရှိအချိန်တွင် ယခင်နှစ်က ချည်မျှင်ရှည်ဝါများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**DOCA (မန္တလေး)**

## လိပ်သိုဒေသ၌ နနွင်းစိုက်ပျိုး ဈေးကောင်းရရှိရန် မျှော်လင့်

ပဲခူးတိုင်းဒေသကြီး သံတောင်ကြီးမြို့နယ် လိပ်သိုဒေသရှိ တောင်သူများသည် ဥယျာဉ်ခြံလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများအပြင် တောင်ယာလုပ်ငန်းကိုပါ တွဲဖက်လုပ်ကိုင်လျက်ရှိကြောင်း၊ ယခုမိုးဦးကျကာလတွင် တောင်ယာခင်းများ၌ နနွင်းများ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

နနွင်းစိုက်ပျိုးရာတွင် ယခင်နှစ်က မျိုးကောင်းမျိုးသန့်အဖြစ် ရွေးချယ်သိုလှောင်ထားသော နနွင်းများကိုမိုးဦးမကျမီနှင့် မိုးဦးကျကာလတွင် စိုက်ပျိုးကြကြောင်း၊ နနွင်းတက်များကို တောင်ငူမြို့ရှိ နနွင်းအဝယ်ဒိုင်များသို့ ရောင်းချရကြောင်း၊ ယခင်နှစ်က နနွင်းဈေးကောင်း ရရှိခဲ့သောကြောင့် ယခုနှစ်တွင်လည်း တောင်သူများအနေဖြင့် ဈေးကောင်းရရှိရန် မျှော်လင့်၍ နနွင်းများ ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**DOCA (ပဲခူး)**



## ပေါက်ခေါင်းမြို့နယ်၌ ဂေါ်ဖီထုပ်များ စိုက်ပျိုးထွက်ရှိပြီး အကျိုးအမြတ်ရရှိ

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်ရှိ သဖန်းချိုအုပ်စု လေးကြီးကျေးရွာတွင် ဂေါ်ဖီထုပ်များ စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးပင်ပေါင်း ၈၀၀၀ ခန့်ရှိပြီး ခုတ်ယူသည့် အပင်ပေါင်းမှာလည်း ၈၀၀၀ ခန့် ရှိကြောင်း၊ စိုက်ပျိုးမှုအတွက် ဂေါ်ဖီထုပ် တစ်ကေလျှင် ငွေကျပ် ခုနစ်သိန်းခန့်ကုန်ကျပြီး ငွေကျပ် သိန်း ၄၀ ခန့်ရရှိသည့်အတွက် အကျိုးအမြတ်အနေဖြင့် ငွေကျပ် သိန်း ၃၀ ခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပေါက်ခေါင်းမြို့နယ်မှ ထွက်ရှိသော ဂေါ်ဖီထုပ်များကို စိုက်ခင်းအထိဆင်း၍ ဝယ်ယူမှုများရှိသကဲ့သို့ နယ်များသို့လည်း တင်ပို့ရောင်းချလျက်ရှိရာ တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။

**DOCA(ပဲခူး)**



## မင်းဘူး(စကု)မြို့နယ်၌ ခရမ်းချဉ်သီး တစ်ကေ ပိဿာချိန် ၇၀၀ ခန့် ထွက်ရှိ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ် ဥယျာဉ်ဇင်ကျေးရွာ၌ စပါး၊ နှမ်း၊ ပဲသီး၊ ခရမ်းချဉ်သီးနှင့် ဥယျာဉ်ခြံသီးနှံများကို စီးပွားဖြစ် အဓိကထား စိုက်ပျိုးလုပ်ကိုင်လျက်ရှိရာ ဥယျာဉ်ဇင်ကျေးရွာ၌ ခရမ်းချဉ်သီး စိုက်ကေ ခုနစ်ကေကျော် စိုက်ပျိုးထားရှိကြောင်း၊ စိုက်ပျိုးရာတွင် ခရမ်းချဉ်သီးကို တိုင်ထောင်စနစ်ဖြင့် မြေအောက်ရေကို အသုံးပြုကာ စိုက်ပျိုးခြင်းဖြစ်ပြီး ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် စတင်စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးပြီး နှစ်လခွဲအကြာတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် နိုင်ငံခြားခရမ်းချဉ်သီးမျိုးကို စိုက်ပျိုးပြီး တစ်ကေလျှင် မျိုးထုပ် ရှစ်ထုပ်ခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ ရေသွင်းခ၊ လုပ်အားခနှင့် အခြားသွင်းအားစု အပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၂၅ သိန်းကျော် ကုန်ကျပြီး တစ်ကေလျှင် ခရမ်းချဉ်သီးပိဿာချိန် ၇၀၀ ခန့် ထွက်ရှိကြောင်း၊ ဥယျာဉ်ဇင်ကျေးရွာမှ ထွက်ရှိသည့် ခရမ်းချဉ်သီးများကို မင်းဘူးမြို့သို့ တင်ပို့ရောင်းချပြီး ခရမ်းချဉ်သီးစိုက်ပျိုးသည့် တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**DOCA (မကွေး)**

### ၃-၆-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ (ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျီးသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၈၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၅၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၇၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | | ၇၅၀၀ | ၁၇၀၀၀ | ၇၈၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၁၄၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၄၀၀ | ၇၄၀၀ | ၁၆၅၀၀ | ၅၉၀၀ | ၁၇၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၃၀၀ | ၅၅၀၀ | ၂၅၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၄၀၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၅၉၅၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၂၀၀ | ၅၅၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၇၀၀ | ၉၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၄၃၀၀ | | ၇၂၀၀ | ၁၇၀၀၀ | ၆၀၅၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၀၅၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၃၅၀၀ | ၁၄၅၀၀ | ၉၃၀၀ | ၁၂၅၀၀ | ၉၅၀ | ၉၃၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၃၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၄၀၀၀ | | ၅၈၀၀ | ၁၇၀၀၀ | ၅၇၀၀ | ၉၀၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၃၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၇၅၀ | | ၅၈၀၀ | ၁၆၀၀၀ | ၅၈၅၀ | ၅၅၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၅၀၀၀ | ၁၁၀၀၀ | ၃၀၀ | ၈၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | – | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၄၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၇၂၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၁၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၇၀၀ | | ၇၂၀၀ | ၁၄၀၀၀ | ၆၁၇၅ | ၁၀၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၆၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၉၅၀၀ | ၇၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၅၀ | ၁၅၀၀၀ | ၆၀၀၀ | ၉၅၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၇၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၅၇၅၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၄၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၃၀၀ | | ၅၈၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၆၅၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၁၀၀ | ၃၇၀၀ | ၂၃၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၈၀၀ | | ၆၈၀၀ | ၁၅၀၀၀ | ၅၆၅၀ | ၁၂၂၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၇၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၅၈၀၀ | ၃၀၀၀ | ၅၂၀၀ | ၁၃၂၀၀ | ၁၆၈၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၁၉ | နေပြည်တော် | ၃၈၀၀ | | ၆၈၀၀ | ၁၅၂၀၀ | ၅၆၅၀ | ၁၂၄၀၀ | ၂၆၀၀ | ၁၂၆၀၀ | ၁၃၂၀၀ | ၇၂၀၀ | ၇၅၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၂၀၀ | ၅၄၀၀ | ၁၃၅၀၀ | ၁၇၂၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၉၅၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၂၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၉၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

❂ *ကျောဖုံးမှ*

ရယူကာ နာမည်ကောင်းရယူထားသူဖြစ်ပြီး ONE Championship နှင့် ပထမဆုံးလက်တွဲခြင်းဖြစ်သည်။ ONE Friday Fights-66 ပြိုင်ပွဲတွင် တွဲဆိုင်းစုစုပေါင်း ၁၂ ပွဲ ပါဝင်မည်ဖြစ်ပြီး သွေးသစ်ဝင်းလှိုင်နှင့် ခွန်ဆော့ပွဲကို ပွဲစဉ် (၅) အဖြစ် ကျင်းပမည်ဖြစ်သည်။

သောကြာနေ့များတွင် ကျင်းပသည့် ONE Friday Fights ပြိုင်ပွဲတွင် မြန်မာဖိုက်တာအချို့ သွားရောက်ထိုးသတ်လျက်ရှိပြီး ယခုနောက်ပိုင်းတွင် နာမည်ကြီး မြန်မာရိုးရာလက်ဝှေ့သမားတစ်ဦးဖြစ်သည့် စိုးလင်းဦး သွားရောက်ထိုးသတ်ကာ ရလဒ်ကောင်းများရယူနေသလို နာမည်ကျော် မြန်မာ့ရိုးရာလက်ဝှေ့သမားတစ်ဦးဖြစ်သည့် သွေးသစ်ဝင်းလှိုင်မှာလည်း ပထမဆုံး ထိုးသတ်မည်ဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-ONE Championship**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၆ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၃၀ ကျပ် | ၂၄၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၈၀ ကျပ် | ၂၄၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၆၅ ကျပ် | ၂၆၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၆၅ ကျပ် | ၂၇၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၂၃၈ | ၂၁၄၂၀၀၀ |
| MTSH | ၃၁၀၀ | ၁၇၆၀ | ၅၈၄၆ | ၅၄၆၀၁၀၀ |
| MCB | ၈၂၀၀ | ၈၁၀၀ | ၁၀၃ | ၈၄၄၅၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၇၇၆ | ၁၂၈၂၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၆၆ | ၁၇၈၂၀၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၈၇၁ | ၁၅၀၃၈၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၄ | ၁၈၈၀၀ |
| MAEPC | ၂၄၀၀ | ၂၄၀၀ | ၁၀၉၆ | ၂၆၅၅၆၅၀ |

## အမျိုးသမီးများကို အတင်းအကျပ် စစ်မှုထမ်းဆောင်ရန် စတင်စုဆောင်းနေသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၃**

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စစ်မှုထမ်းဆောင်ရန်အတွက် အမျိုးသမီးများကို အတင်းအကျပ် စတင်စုဆောင်းနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ စစ်မှုထမ်းဆောင်ရန် အမျိုးသမီးများကို စတင်စုဆောင်းနေသည်မှာ မှန်ကန်မှုမရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစပြီး ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် အထင်အမြင်လွဲမှားစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် ကောလာဟလ သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေလျက်ရှိရာ ပြည်သူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို နေ့စဉ်ထုတ် သတင်းစာများတွင် ဖော်ပြပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




✳ *ကျောဖုံးမှ*

တိုက်စစ်ကစားသမား အမ်ဘာပေ၏ တရားဝင်မိတ်ဆက်ပွဲကို ယူရို ၂၀၂၄ မတိုင်မီ ပြုလုပ်သွားဖွယ်ရှိသည်။

၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဆုရှင် အမ်ဘာပေသည် ၂၀၁၇ ခုနှစ်တွင် မိုနာကိုအသင်းမှ ကနဦး အငှားဖြင့် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ၂၅၆ ဂိုးသွင်းယူပေးထားပြီး အသင်း၏ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် စံချိန်တင်ထားသူဖြစ်သည်။ ၎င်းသည် ဘာနေဗျူး၌ ၂၀၂၉ ခုနှစ်အထိ စာချုပ်ချုပ်ဆိုရန် သဘောတူထားသည်။ ထို့ကြောင့် အမ်ဘာပေသည် တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုထားသော ခရိုအေးရှား ကွင်းလယ်ကစားသမား လူကာမိုဒရစ်နှင့် တွဲဖက်ကစားခွင့်ရတော့မည် ဖြစ်သည်။

**အောင်ဇော်**

**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး**

# ပြည်ပနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများကို ပြည်တွင်း၌ တရားမဝင်ရောင်းချနေသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇွန် ၃**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိရာတွင် ဝိသမသမားစီးပွားရေးလုပ်ငန်းရှင်အချို့မှာ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကိုသာ ရှေးရှုပြီး နိုင်ငံတော်၏စီးပွားရေး၊ ငွေကြေးဈေးကွက် ကမောက်ကမဖြစ်စေရန်ရည်ရွယ်၍ ပြည်ပနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများကို ပြည်တွင်း၌ တရားမဝင် အရောင်းအဝယ်ပြုလုပ်ခြင်း၊ လူမှုကွန်ရက်မီဒီယာများမှ ဆွဲဆောင်စည်းရုံးရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည့်အတွက် သက်ဆိုင်ရာလုံခြုံရေး အဖွဲ့အစည်းများမှ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့သည်။

စုံစမ်းဖော်ထုတ်ချက်များအရ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် (၅၁) လမ်း အထက် အမှတ် (၁၅၅/၁၅၇)၊ (၈)လွှာ၌ ရုံးခန်းဖွင့်လှစ်ထားသည့် Minn Thu ကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်ကျော်ထွန်းနှင့် အထွေထွေမန်နေဂျာ ဦးမင်းသူကျော်တို့ နှစ်ဦးသည် ထိုင်းနိုင်ငံမှ ကွန်ဒိုတိုက်ခန်းများအား ပြည်တွင်း၌ တရားမဝင် ရောင်းချလျက်ရှိကြောင်းသိရှိရသည့်အတွက် လုံခြုံရေး အဖွဲ့အစည်းများမှ ကုမ္ပဏီတာဝန်ရှိသူများနှင့် ဆက်စပ်တရားခံများအား ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ Minn Thu ကုမ္ပဏီမှ ဒါရိုက်တာ ဦးအောင်ကျော်ထွန်းနှင့် အထွေထွေမန်နေဂျာ ဦးမင်းသူကျော် (ထွက်ပြေးတိမ်းရှောင်) တို့သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ကွန်ဒိုတိုက်ခန်းများအား ပြည်တွင်း၌ တရားမဝင် ရောင်းချရန် သက်ဆိုင်ရာသို့ သတင်းပေးပို့ခွင့်ပြုချက်ရယူခြင်းမရှိဘဲ အရောင်းပြပွဲများကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင်ကွန်ဒိုတိုက်ခန်းဝယ်ယူသူများက ပေးချေသည့် မြန်မာကျပ်ငွေများကို လက်ခံရယူပြီး ထိုင်းနိုင်ငံသို့ တရားမဝင် ဟွန်ဒီလုပ်ငန်းများမှ ငွေကြေးများ လွှဲပြောင်းပေးခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

ထို့အပြင် Minn Thu ကုမ္ပဏီမှ ရောင်းချခဲ့သည့် ပြည်ပနိုင်ငံရှိ တိုက်ခန်းများကို တရားမဝင် ဝယ်ယူထားသည့် ဦးနေမျိုးဟန်၊ ဦးမင်းထွန်းနှင့် ဒေါ်မြတ်မြတ်မွန်တို့ သုံးဦးသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ ထိုင်းနိုင်ငံရှိဘဏ်များ၌ တရားမဝင်ဖွင့်လှစ်ထားသည့် ၎င်းတို့၏ ဘဏ်ငွေစာရင်းများမှ တစ်ဆင့် တိုက်ခန်းဖိုးငွေကြေးများ လွှဲပြောင်းပေးချေခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

သို့ဖြစ်၍ ပြည်ပနိုင်ငံရှိ ကွန်ဒိုတိုက်ခန်းများအား တရားမဝင် ရောင်းချခြင်းနှင့် တရားမဝင်ဟွန်ဒီလုပ်ငန်းမှ ငွေကြေးလွှဲပြောင်းခြင်းများ ဆောင်ရွက်ခဲ့သူ Minn Thu ကုမ္ပဏီမှ တရားခံ ဒါရိုက်တာ ဦးအောင်ကျော်ထွန်းနှင့် အထွေထွေမန်နေဂျာ ဦးမင်းသူကျော် (ထွက်ပြေးတိမ်းရှောင်) တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ ပြည်ပနိုင်ငံများ၌ ဘဏ်ငွေစာရင်းများ တရားမဝင် ဖွင့်လှစ်ထားသည့် တရားခံ ဦးနေမျိုးဟန်၊ ဦးမင်းထွန်းနှင့် ဒေါ်မြတ်မြတ်မွန် တို့ကိုလည်းကောင်း၊ ပြည်ပနိုင်ငံတွင် တရားမဝင် တိုက်ခန်းဝယ်ယူထားသူများကို လည်းကောင်း စိစစ်၍ ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

တရားမဝင် ကွန်ဒိုတိုက်ခန်းရောင်းချခဲ့သည့် Minn Thu ကုမ္ပဏီမှ တရားခံ (၂) ဦး



အောင်ကျော်ထွန်း (ဒါရိုက်တာ)



မင်းသူကျော် (ထွက်ပြေးတိမ်းရှောင်) (အထွေထွေမန်နေဂျာ)

ပြည်ပနိုင်ငံများရှိ ကွန်ဒိုတိုက်ခန်းများကို တရားမဝင် ပြည်ပဘဏ်ငွေစာရင်းများဖွင့်လှစ်၍ ဝယ်ယူထားသည့် တရားခံများ



နေမျိုးဟန်



မင်းထွန်း



မြတ်မြတ်မွန်

ထို့အပြင် ပြည်ပနိုင်ငံများရှိ ကွန်ဒိုတိုက်ခန်းများအား Online မှတစ်ဆင့် တရားမဝင် ရောင်းချနေသည့် အခြားကုမ္ပဏီများနှင့် ဝယ်ယူသူများအား ဆက်လက်စိစစ်ဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် မိဘပြည်သူများအနေဖြင့် ထိုကဲ့သို့ တရားမဝင်ပြည်ပနိုင်ငံရှိတိုက်ခန်း အရောင်းအဝယ် ပြုလုပ်နေသူများအား သိရှိပါက သက်ဆိုင်ရာ လုံခြုံရေး အဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့ပါရန် အသိပေး သတင်း ထုတ်ပြန်ထားသည်။

သတင်းစဉ်

## နေပြည်တော်နည်းပညာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သင်တန်းများ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိ

**ဇမ္ဗူသီရိ ဇွန် ၃**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန နေပြည်တော် နည်းပညာတက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ်နှင့် ဒုတိယနှစ် (ဘွဲ့ကြို) အင်ဂျင်နီယာနှင့် ဗိသုကာသင်တန်းများ၏ ဒုတိယနှစ်ဝက်သင်တန်းများကို ယနေ့တွင် စတင် ဖွင့်လှစ်သင်ကြားရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြသည်။



အဆိုပါ နေပြည်တော် နည်းပညာတက္ကသိုလ်ကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ရာ ယခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ်နှင့် ဒုတိယနှစ် (ဘွဲ့ကြို) အင်ဂျင်နီယာနှင့် ဗိသုကာသင်တန်းများ၏ ဒုတိယနှစ်ဝက်သင်တန်းများတွင် ပထမနှစ်နှင့် ဒုတိယနှစ် ကျောင်းသား ကျောင်းသူများ တက်ရောက်လျက်ရှိပြီး မြို့ပြအင်ဂျင်နီယာဘာသာရပ်၊ အီလက်ထရောနစ်အင်ဂျင်နီယာဘာသာရပ်၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘာသာရပ်၊ စက်မှုအင်ဂျင်နီယာ ဘာသာရပ်၊ ကွန်ပျူတာ အင်ဂျင်နီယာနှင့် သတင်းအချက်အလက် နည်းပညာဘာသာရပ်၊ ဗိသုကာဘာသာရပ်နှင့် စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်များ သင်ကြားပေးလျက်ရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်အတွက် လိုအပ်သည့် အင်ဂျင်နီယာ ပညာရှင်များကို ပိုမိုမွေးထုတ်လေ့ကျင့်ပေးနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဟိန်းသူအောင် (ပြန်/ဆက်)

## မိုင်းယန်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၃**

အမှုမှာ ၃.၆.၂၀၂၄ ရက်နေ့ ၁၀:၁၅ အချိန်တွင် ရှမ်းရှေ့၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် တင့်ငွေထွန်းနှင့် ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ မိုင်းယန်းမြို့နယ် ဟော်ကန်ရပ်ကွက်ရှိ စိုင်းရဲဝင်းအောင်၏ တောင်ယာတဲအတွင်း ဝင်ရောက်ရှာဖွေရာ စိုင်းရဲဝင်းအောင်အား တဲအတွင်းတွေ့ရှိရပြီး စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသည့် အဝါရောင် အောက်ခံပေါ်တွင် ရောက်စုံပန်းပွင့်ပုံများပါ ရှမ်းလွယ်အိတ်အတွင်းမှ အပြာရောင် ကပ်ခွာတိတ်အတွင်းထည့်လျက် WY စာတမ်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြား၊ တန်ဖိုးငွေကျပ် ၁၃၆၅၀၀ ခန့်နှင့် မူးယစ်ဆေးဝါးရောင်းချရငွေဟု ယူဆရသည့် ငွေစက္ကူရောရာ ၈၆၀၀၀ ကျပ်တို့အား ရှာဖွေတွေ့ရှိသဖြင့် စိုင်းရဲဝင်းအောင်အား မိုင်းယန်းမြို့မရဲစခန်း၌ အမှုဖွင့်လှစ်ပြီး ရဲအုပ်စိန်အေးမှ အမှုစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

## တာမွေမြို့နယ် နားမကြားသောကလေးများကျောင်း(ရန်ကုန်)၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိ

**တာမွေ ဇွန် ၃**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိနားမကြားသောကလေးများကျောင်း (ရန်ကုန်) ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသည့် သင်ရိုးညွှန်းတမ်းများနှင့်အညီ လက်သင်္ကေတပြ ဘာသာစကားဖြင့် ဇွန် ၃ ရက်မှစ၍ ပညာသင်ကြားပေးလျက်ရှိသည်။

အဆိုပါ တာမွေမြို့နယ်ရှိ နားမကြားသော ကလေးများ ကျောင်း (ရန်ကုန်)၌ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု အခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းသား ၄၂ ဦးနှင့် ကျောင်းသူ ၂၆ ဦး စုစုပေါင်း ၆၈ ဦးကို လက်သင်္ကေတပြ ဘာသာစကားဖြင့် ပညာသင်ကြားပေးလျက်ရှိပြီး ကျောင်းအပ်လက်ခံခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခု ပညာသင်နှစ်မှစတင်၍ သူငယ်တန်း(KG)မှ (GRADE-6) အထိ တိုးမြှင့်ပညာသင်ကြားပေးနိုင်ခဲ့ကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ပညာသင်ကြားသည့် ကျောင်းသား ကျောင်းသူများ နေရာထိုင်ခင်း အဆင်ပြေစေရေးအတွက်လည်း ညအိပ်ဆောင်များအား စီစဉ်ဆောင်ရွက် ပေးထားကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစား ကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၉

၁။ ဦးထွန်းထွန်းဝင်း နှင့် ဗိုလ်မှူးကြီးသောင်းညွန့်
၂။ ဒေါ်ဥမ္မာဌေး

**တရားလိုများ** **တရားပြိုင်**

တောင်ကြီးမြို့နယ်၊ ဘုရားဖြူရပ်ကွက်၊ နယ်မြေ(၅)၊ ပန်းသစ္စာလမ်း၊ အိမ်အမှတ်(၆/၅၆)နေ ဗိုလ်မှူးကြီးသောင်းညွန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးထွန်းထွန်းဝင်းနှင့် ဒေါ်ဥမ္မာဌေးတို့က အရောင်းအဝယ်စာချုပ်မှတ်ပုံ တင်ပေးစေလိုမှုနှင့်လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇွန်လ ၁၈ရက် (၁၃၈၆ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇွန်လ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်ခိုင်ဖြိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၀၅

ဦးထွန်းထွန်း နှင့် ၁။ ဦးမြင့်သိန်း
၂။ ဦးတင်မောင်အေး
၃။ ဦးလှရွှေ

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၈၂၆)နေ တရားပြိုင် ဦးမြင့်သိန်း၊ ဦးတင်မောင်အေး (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇွန်လ(၂၁)ရက် (၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် )မွန်း မတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် (သို့မဟုတ်)သင့်ကိုယ်စားလှယ် ရှေ့နေလက် တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇွန်လ(၃)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင့်တင့်ဌေး)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မမြောက်ရပ်ကွက်၊ မြို့မလမ်း၊ အမှတ်(၃၃)နေ ဒေါ်လှရင် (၁၂/သလန(နိုင်)၁၃၈၀၅၆)သည် ၉-၂-၂၀၂၂ရက်တွင် ကွယ်လွန်ခဲ့သော ဦးသန်းထွန်း၊ ဒုလက်ထောက်ညွှန်ကြားရေးမှူး၊ ဗဟိုစာရင်းရုံး (အငြိမ်းစား)၏ တရားဝင်ဇနီးကြီးဖြစ်ပါကြောင်းနှင့် မိသားစုပင်စင် လျှောက်ထားမှုအား ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးတွင် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

**ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး**
**ဖုန်း- ၀၁-၂၁၂၅၁၆ ၊ ၀၁-၂၂၁၃၂၉**

## မော်တော်ယာဉ်
## ဖောင်းကြွနံပါတ်ပြား
## ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 49W/68217 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

သန်လျင်မြို့၊ အောင်ချမ်းသာ(တိုးချဲ့)၊ အေးမေတ္တာရပ်ကွက်၊ မြေကွက်အမှတ်(၂၄၇)၊ မြို့ရွာအိုးအိမ်နှင့်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးဘိုထွန်း (KLO-၀၇၆၁၁၃)အမည်ဖြင့် ချထားပေးသည့် (၄၀ပေ×၆၀ပေ)ကျယ်ဝန်းသည့် ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ကတိပြုသူ ဦးဇော်စိုးညွန့် (၇/ပခန(နိုင်)၂၁၅၆၅၆)ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးချစ်သိန်း (၁၂/သလန(နိုင်)၀၄၀၈၇၀)က ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးနိုင်မင်းသိန်း(LL.B)** — တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၅)
**ဒေါ်မျိုးသူဇာ(LL.B.,D.B.L.,D.M.L.,D.I.L)** — တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၈၃)

**အမှတ်(၃)၊ သမာဓိလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**၀၉-၇၉၉၄၃၉၉၀၄၊ ၀၉-၄၂၁၀၆၅၇၀၃**

## ဖခင်အမည်မှန်

ပြည်မြို့၊ ငါးရွာအုပ်စု၊ တောင်ကုန်းကျေးရွာ မူလတန်းကျောင်း ပဥ္စမတန်းအောင်မြင်ခဲ့သော မောင်ပြည့်စုံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ၁၄/ဇလန(နိုင်)၂၀၃၇၄၃ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဦး**

## မိဘအမည်မှန်

ဆီဆိုင်မြို့နယ်၊ ပန်အွန်း၊ အ.ထ.က Grade-12 မှ နန်းနှင်းဝေလှိုင်၏ မိဘအမည်မှန်မှာ မောင်စိန် ၁၃/ဆဆန(နိုင်)၀၇၇၅၆၇၊ နန်းမီးဘဲ့ ၁၃/ဆဆန(နိုင်)၀၉၆၆၃၂ ဖြစ်ပါကြောင်း။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ခွါညိုလမ်း၊ အိမ်အမှတ် (ရပ/၁၆၈)နေ ကျောက်ကျိန်ယုံ(ခ)မြင့်စောထွေး-ဒေါ်ရွှေယုန်တို့၏သား စိုင်းအောင်ပြည့်ဖြိုး ၁၃/တကန(နိုင်)၃၁၀၄၁၆သည် မိဘဆိုဆုံးမစကားအား နားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက်ပြုမူနေထိုင်ပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျောက်ကျိန်ယုံ(ခ)မြင့်စောထွေး-ဒေါ်ရွှေယုန်**

## အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ (၇)လမ်းရှိ၊ ဝဲကျွန်းမြို့သစ်နေ ဒေါ်စိန်ဝင်း ၆/ထဝန(နိုင်) ၀၂၄၁၉၅၊ဒေါ်ယုသိန်း ၆/ထဝန(နိုင်) ၀၂၄၂၃ ၃၊ ဦးစိုးထွေး ၆/ထဝန(နိုင်) ၀၆၆၀၀၀၊ ဦးဝင်းသိန်း ၆/ထဝန(နိုင်) ၀၇၄၂၉၈၊ ဒေါ်ဝင်းအေး (ကွယ်လွန်)၎င်း၏သမီး မသီရိကိုကိုလွင် ၆/ထဝန(နိုင်)၁၂၄၂၄၂၊ ဦးမြင့်သိန်း (ကွယ်လွန်)၎င်း၏သား မောင်အဲလစ်မှူး ၆/ထဝန(နိုင်)၁၂၅၈၇၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ (၇)လမ်းသွယ်ရှိ ဝဲကျွန်းမြို့သစ်၊ အမှတ်(င/၁၃၄)၊ ဒေါ်လှတင် အမည်ပေါက်နေသည့် ဂရန်မြေ အလျား(၈၀)ပေ၊ အနံ(၄၀)ပေ မြေကွက်အပါအဝင် ယင်းမြေကွက်အပေါ်ရှိ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ပိုင်ဆိုင်မှုများအားလုံးသည် ဒေါ်လှတင်(မိခင်)အမည်ပေါက်ပိုင် ဆိုင်မှုဖြစ်၍ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ခင်ဝင်းနှင့် သားသမီး(၁၀)ဦးတို့မှ ပိုင်ဆိုင်သော အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။

ယခုအခါ ဒေါ်လှတင်မှာ ကွယ်လွန်သွားပြီဖြစ်၍ မိဘပစ္စည်းကျန်ရစ်သည့် အထက်ဖော်ပြပါပစ္စည်းများသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဒေါ်ခင်ဝင်းနှင့် ၎င်း၏သားသမီး(၁၀)ဦးတို့မှ ပိုင်ဆိုင်သော အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။

အဆိုပါအမွေဆိုင်ပစ္စည်းများအပေါ်တွင် မိခင်ဒေါ်ခင်ဝင်းနှင့် အငယ်ဆုံးသမီးဖြစ်သူ ဒေါ်နုနုထွေးတို့မှ နေထိုင်လျက်ရှိပါသည်။အထက်ဖော်ပြပါ အမွေဆိုင်ပစ္စည်းများအား အမွေဆိုင်များအားလုံးမသိရှိဘဲ တစ်ဦးတစ်ယောက်က အခြားသူတစ်ပါးထံသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှဲလှယ်ခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းအာမခံတင်သွင်းခြင်းများမပြုလုပ်ပါရန် လေးနက်စွာ သတိပေးတားမြစ်ကြေညာအပ်ပါသည်။

တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်မည်ဆိုပါက လွှဲပြောင်းသူနှင့် လွှဲပြောင်းခြင်းခံရသူတို့၏ တာဝန်သာဖြစ်၍ ကျန်အမွေဆိုင်များက ဥပဒေအရ အရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးကြေညာအပ်ပါသည်။

**ဒေါ်စိန်ဝင်း၊ ဒေါ်ယုသိန်း၊ ဦးစိုးထွေး၊ ဦးဝင်းသိန်း၊ မသီရိကိုကိုလွင်၊**
**မောင်အဲလစ် မိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၄၆၀)**
**အမှတ်(၉၇)၊ မြိတ်လမ်း၊ ရှမ္မလည်ဆွဲရပ်၊ ထားဝယ်မြို့၊**
**ဖုန်း-၀၉-၄၂၀၀၇၉၄၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့နယ်၊ မဲဇလီဒလကျေးရွာအုပ်စု၊ ကွင်းအမှတ် (၃၇၆/မဲဇလီ)ဒလကွင်း၊ ဦးပိုင်အမှတ်(၄၆/၂)၊ ဧရိယာ(၀.၄၇)ဧက၊ နှစ်(၃၀)စက်မှုဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသော အမှတ်(၄၆/၂)၊ မဲဇလီကျေးရွာ၊ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးဟုခေါ်တွင်သည့် နေရာတွင်တည်ရှိသော နှစ်ထပ်အိမ်တစ်လုံးနှင့်တကွ အိမ်သုံးမီတာ(တစ်)လုံးအပါအဝင် သီးပင်စားပင်များနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဦးကျော်ရွှေ ၁၄/ညတန(နိုင်)၀၄၇၄၆၅ထံမှကျွန်ုပ်၏ မိတ်ဆွေများက ဝယ်ယူရန်အတွက်တစ်စိတ်တစ်ဒေသငွေပေးချေထားပြီးဖြစ်သဖြင့် ကန်ကွက်လိုသူများသည် ဤကြေညာသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရောင်းသူဘက်မှပြည့်စုံလုံလောက်သောစာရွက်စာတမ်းများကိုဆောင်ရွက်ပေးပြီးလျှင် အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းဝင်း (တရားလွှတ်တော်ရှေ့နေ)၂၇၂**
**BA(LAW) LL.B (Advocate), D.B.L,D.M.L.D.I.L, D.A.Psy.**
**WIPO, DL (101), (201), (317) Switzerland (Geneva).**
**အမှတ်(၂၀၉/ဃ)၊ဘူတာရုံလမ်း၊ကန်ဘဲ့၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုံး ၀၉-၅၀၇၁၂၀၆၊ ၀၉ -၉၇၄၇၃၅၆၈၆**

## ပတ်စ်ပို့ပျောက်

မိုင်းသော်ရှေ့၊ တောင်နီ နမ(၂)နေ (ဘ)ဦးထင်ယာကျို၏သမီး မစန္ဒာ ၁၃/တကန(နိုင်)၂၈၇၉၆၃၏ နိုင်ငံကူး လက်မှတ်အမှတ် (MA-623499)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၄၁၃၅၁၃၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၁-၅-၂၀၂၄ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၄)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာမှ ယာဉ်အမှတ်- 9B/5523 အစား 9B/5532 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပခုက္ကူမြို့၊ (၆)ရပ်ကွက်၊ (၁၁)လမ်းနေ ဖခင်ဖြစ်သူ ဦးဖိုးဆပ် ၈/ပမန(နိုင်) ၀၂၆၃၈၈ မိခင်ဖြစ်သူ ဒေါ်သန်းရင် ၈/ပမန(နိုင်) ၀၄၇၂၉၆ တို့၏သားဖြစ်သူ မောင်ငြိမ်းချမ်းကို ၈/ပမန(နိုင်)၁၄၇၇၇၈ သည်မိဘ၏ဆိုဆုံးမစကားကို နာခံခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအလျောက် မိဘခွင့်မလွှတ်နိုင်သော ကိစ္စရပ်များပြုလုပ်နေသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**မိဘ-ဦးဖိုးဆပ်- ဒေါ်သန်းရင်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာအုပ်စု၊ အောင်မေတ္တာ(ခ) ရပ်ကွက်၊ (၁၄)လမ်းရှိ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၀၅၃)ဟုခေါ်တွင်သော တပ်ကြပ်ကြီးဝင်းလွင် ၈/စလန(နိုင်)၀၈၆၄၄၉အမည်ပေါက်(ပါမစ်မြေ)၊ ဧရိယာ(၀ဒသမ၀၆၀)ဧက အကျယ်အဝန်းရှိ အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစတင်ပြီး ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲထိုက်အောင်(LL.B,LL.M)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၅၅/၂၁)**
**အမှတ်(၆၄၅)၊ အဝေရာလမ်း၊ အောင်မေတ္တာ(ဃ)ရပ်၊ မကွေးမြို့၊**
**ဖုန်း-၀၉-၉၅၄ ၃၄၅၅၅၆**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ စိုးစံကိုယ်ပိုင်အထက်တန်း ကျောင်း Grade-12မှ မောင်သော်ဇင်ထွန်း ၏ ဖခင်အမည်မှန်မှာ ဦးတင်အောင်သန့် ဖြစ်ပါကြောင်း။

**ဦးတင်အောင်သန့်**

## ဖခင်အမည်မှန်

ရွာင်မြို့နယ်၊ မျှားကလေးကျေးရွာနေ မချစ်သဲဝေ Grade-6 ၏ ဖခင် အမည်မှန်မှာ ဦးခင်မောင်ချို ၁၃/ရငန(နိုင်) ၀၃၆၁၇၂ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ချို**

## အမည်ပြောင်း

တောင်ကြီးမြို့၊ အလက (၁၄)၊ Grade-1မှ ခွန်ပိုင်ဖေယျာဟိန်းအား ယနေ့မှစ၍ ခွန်မော်ကွန်းဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ခွန်မော်ကွန်းဟိန်း**

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၆)၊ Grade-12မှ မရွှေယမင်းဦး၏ ဖခင် အမည်မှန်မှာ ဦးနိုင်လင်း ၉/ကပတ(နိုင်)၁၇၇၂၂၀ ဖြစ်ပါကြောင်း။

**ဦးနိုင်လင်း**

## အမည်ပြောင်း

တောင်ကြီးမြို့၊ အလက (၁၄)၊Grade-3မှခွန်ကျော်ဖေယျာလွင်အား ယနေ့မှစ၍ ခွန်သြဘာဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

**ခွန်သြဘာဟိန်း**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/1569 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ အမှတ်(၁၃၆)တွင် နေထိုင်သော မောင်နေခနဲ ၁၂/စခန(နိုင်)၀၆၇၀၄၀နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊မင်းလမ်းတွင်နေထိုင်သော မသီသီအောင် ၁၂/ဗဟန(နိုင်)၀၉၇၇၇၁တို့သည် အကြင်လင်မယားအဖြစ်ပေါင်းသင်းနေရာမှ စိတ်သဘောထားခြင်းတိုက်ဆိုင်မှုမရှိကြတော့ပါသဖြင့် ၂၇-၅-၂၀၂၄ရက်တွင်နှစ်ဖက် မိဘများ၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကိုလက်မှတ်ရေးထိုးချုပ်ဆိုကြပြီး အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲကြပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်စုသွယ်(ခ)စိမ့်သဲစု(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၇)**
**အမှတ်(၅၅)၊ အခန်း(၁၈)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန် မြို့၊ဖုန်း-၀၉-၆၉၃၅၃၀၅၇၉**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/1784 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီစိုး ၇/ပခန(နိုင်)၂၂၃၂၁၄ မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆၈)၊ ပေါ်ဆန်းမွှေးလမ်း၊ မြေကွက်အမှတ်(၅၅၇)ဟုခေါ်တွင်သော အလျား(၄၀)ပေxအနံ(၆၀)ပေရှိ ဦးထွန်းရွှေ အမည်ပေါက် ပါမစ်မြေကွက်ကြီးထဲမှ (ခေါင်းရင်းခြမ်း)အလျား(၂၀)ပေxအနံ(၆၀)ပေ မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မူလအမည် ပေါက်ထံမှ အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၂/ဒလန(ပြု)၀၀၂၀၃၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးချို ၅/ခဥန(နိုင်)၀၀၃၅၂၅က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်း ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက သတ်မှတ်ရက် ပြည့်မြောက်ပြီးလျှင် အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထင်လင်းနိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၇၁၁၂ (၁၀-၁၂-၂၀၀၂)**
**ဖုန်း-၀၉-၅၀၃၉၃၀၆၊ ၀၉-၇၈၅၀၃၉၃၀၆**

## သမီးအဖြစ်မှ
## အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ဘုရားကြီးရပ်၊ ဆိုင်တန်းလမ်းနေ(ဘ) ဦးသန်းနိုင် ၅/ကနန(နိုင်)၀၀၉၈၀၁နှင့် (အမိ)ဒေါ်သန်းသန်းမြင့် ၅/မရန(နိုင်)၀၁၅၀၈၀ တို့၏ သမီးဖြစ်သူ မခိုင်မြတ်သူ ၅/မရန(နိုင်)၃၂၄၅၉၀ သည် မိဘတို့၏ ဆိုဆုံးမမှုများကို မနာခံသည့်အပြင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန် မယူကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးသန်းနိုင် -ဒေါ်သန်းသန်းမြင့်**
**ဆိုင်တန်းလမ်း၊ ဘုရားကြီးရပ်၊**
**မုံရွာမြို့**

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ အလက(ကျောက်ဖျာ) Grade-6 မှ မောင်မိုးထက်ဇော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး ၁၀/ ခဆန(နိုင်) ၀၅၉၉၈၁ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ဦး**

## အမည်ပြောင်း

မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာနေ ဦးမိုးဇော်အောင် ၏သား အလက(ကျောက်ဖျာ) Grade-1မှ မောင်မင်းခန့်ကိုအား မောင်မင်းခန့်သော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းခန့်သော်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/9361 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားအဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ (တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၄ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၂၅၇

| | | |
|---|---|---|
| ဒေါ်နှင်းနှင်းသော် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသောင်းညွန့်) | နှင့် | ဒေါ်ခင်မမ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝင်းကျော်)ပါ ၂ |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပြင်ဆင်မှုအမှတ် ၃၁၄/၂၀၂၃၏ စီရင်ချက်နှင့်ဒီကရီမှ ပြင်ဆင်မှု လျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားခံရသူ ၂။ ဦးအေးကျော် အမှတ်(၁၃)၊ (၇လွှာ)/ ဘီကုံကော်လမ်းသွယ်၊ (၅/တောင်)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိ)နေသိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီမှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကိုတရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ဇာလင်းက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဇွန်လ၂၁ရက်၊ နံနက် ၁၀နာရီအချိန်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ခုနှစ်၊ မေလ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းမာလာခင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်- ၇/ကျောင်းကြီး၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ ၀ ဒသမ ၀၉၂ ဧကရှိ ဦးအေးမောင်၊ ဒေါ်ခင်စန်းဝင်းတို့ အမည်ပေါက် ဘိုးဘပိုင်ခြံမြေကွက်အား ဒေါ်ခင်စန်းဝင်း၏ ခင်ပွန်းဖြစ်သော ဦးအေးမောင်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟစာချုပ် မှတ်ပုံတင်စာချုပ်အမှတ် ၀၂၃/၂၀၂၄ ဖြင့် ဆောင်ရွက်ပြီးနောက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရောက်လွှဲပြောင်း လက်ရောက်ရောင်းချသည့်စာချုပ်အား စာချုပ်မှတ်ပုံတင်အမှတ်(၁၆၇/၂၀၂၄)ဖြင့် ဦးကျော်နွေဦး ထံသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချခဲ့ပါသဖြင့် မြေကွက်ရရှိသူ ဦးကျော်နွေဦးမှ ၎င်းအမည်ဖြင့် ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘိုးဘပိုင်အမည်ပြောင်းအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်နွေဦး**
**အမှတ် (၃၃၇)၊ ကုန်သည်လမ်း**
**ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/ကံဘဲ့)၊ မြရတနာလမ်း၊ မြေကွက်အမှတ် (၁/ဘ/၁-B)၊ အကျယ်အဝန်း (၂၅ပေ × ၁၀၀ပေ)ရှိ ဒေါ်အေးအေးမင်း (၂/လကန(နိုင်) ၀၀၈၂၈၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဒေါ်အေးအေးမင်း၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၆၁၀/၂၀၂၃)အရ ရောင်းချပိုင်ခွင့် ရှိသူများဖြစ်သော ဦးဇော်မျိုးဦး (၁၂/ကမတ (နိုင်) ၀၆၄၄၇၇) နှင့် ဒေါ်နန်းတင်မိုးသူ (၁၂/ဗဟန (နိုင်) ၀၈၆၇၂၉)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးပြည့်ဖြိုးအောင် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(သကမ-၁၅)၊ မြေကွက်အမှတ်(၄၆၂/ခ)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ (ယခုအခေါ် အမှတ်(၄၆၂/ခ)၊ ချစ်ကြည်ရေးလမ်း၊ ၁၉-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်) ဟုခေါ်တွင်သော ဦးသန်းဌေး အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ် ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကိုကိုမောင် ၁၁/စတန(နိုင်) ၁၀၂၀၉၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထက်ပါ မြေကွက်နှင့် ပတ်သက်သည့်ပိုင်ဆိုင်မှု အထောက်အထား စာချုပ်/စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီး မြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ(LL.B,D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက်၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၄၂၀၀၉၇၀၇၃**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၆)ဦးပိုင်အမှတ်(၄၉)၊ မြေချိန်ဧရိယာ (၀.၁၈၄)ဧကရှိ မြေကွက်သည် မူလက ဒေါ်နန်းမြငွေ အမည်ဖြင့်(၆-၅-၂၀၅၁) ရက်အထိ နှစ် (၃၀)နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဒေါ်နန်းမြငွေ(၎င်း၏အထူးကိုယ်စား လှယ်လွှဲစာရရှိသူဒေါ်ဂျာရွယ်)က (၉-၄-၂၀၂၄)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၇၃/၂၀၂၄)အရ မူလမြေဧရိယာ(၀.၁၈၄)ဧကအနက်မှ အနောက်ဘက်ခြမ်း မြေဧရိယာ(၀.၀၇၃)ဧကအား ဦးပိုင်ခွဲစိတ်၍ ဒေါ်အေးအေးမူ၊၈/ဆမန(နိုင်)၀၀၃၉၈၀ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်အေးအေးမူ အမည်ဖြင့်မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်ပြည့် မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ ကျောက်တန်းကျေးရွာ၊ အလက Grade-2 မှ မသွန်းစံအိမ်နှင့် မင်းဘူးမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မောင်အောင်ဘုန်းပြည့်တို့၏ဖခင် ဦးဝင်းထက်၏ အမည်မှန်မှာဦးရွှေတိုး ၉/မကန(နိုင်) ၀၉၁၈၄၁ ဖြစ်ပါကြောင်း။ **ဦးရွှေတိုး**

## ဖခင်အမည်မှန်

ရေတာရှည်မြို့၊ အထက Grade-10မှ မောင်မြတ်သူထွန်း၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းလတ် ၇/ရတရ(နိုင်)၁၀၇၅၇၀ ဖြစ်ပါကြောင်း။

**ဦးမင်းမင်းလတ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ် ၅၂၆၊ ဦးပိုင်အမှတ် (၄၂)/၁၈x၁၉ကြား၊ ၈၃x ၈၄လမ်းကြားရှိ ဦးအောင်သန်း၊ ဒေါ်ကြည်ဇင် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၈၇၁/၂၀၁၀)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဒေါ်လှလှ ၉/မရတ(နိုင်)၀၀၉၂၄၇၊ ဒေါ်ကြည်ကြည်သန်း ၉/မရတ(နိုင်)၀၅၆၀၅၁၊ ဦးရဲမြင့် ၉/မရတ(နိုင်)၀၅၅၃၂၇၊ ဒေါ်သိန်းသိန်းညွန့် ၉/ရမသ(နိုင်)၀၂၉၁၂၀၊ ဒေါ်မြင့်မြင့်သန်း ၉/မရတ(နိုင်)၀၅၅၃၂၀၊ ဒေါ်မြင့်မြင့်သိန်း ၉/မရတ(နိုင်)၀၅၅၃၀၉၊ ဒေါ်တင်တင်အေး ၉/မရတ(နိုင်)၀၅၅၃၃၈ တို့၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၄၀၅၁/၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်စိုးမိုး ၅/စကန(နိုင်)၀၄၅၉၀၇ က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဆရပ်ကွက်၊ အကွက်အမှတ် ဓဓ-၉၊ ဦးပိုင်အမှတ် (၇၆)/၆၀B x၆၁ကြား၊ ၁၃၀x၁၃၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စန်းစန်း ၉/ပသက(နိုင်)၀၃၁၅၁၁၊ ဦးဆန်းလင်း ၉/ပသက(နိုင်)၁၉၂၂၆၀ တို့၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၀၃၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်တီကာဒေဗီ ၅/ကသန(နိုင်)၀၅၆၀၂၁က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဃရပ်ကွက်၊ အကွက်အမှတ် ဟ-၁၂၊ ဦးပိုင်အမှတ် (၁၃၁)/၆၀ x၆၁ကြား၊ ပျူစောထီးနှင့် ကျန်စစ်သားလမ်းကြားရှိ ဦးအောင်နိုင်ဦး အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်ရွှေဇင်အိအိဖြူက တရားပြိုင် ဦးအောင်နိုင်ဦးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၆၆/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ရွှေဇင်အိအိဖြူ ၉/မကန(နိုင်)၀၈၆၄၆၅ ကတောဂရန်၊ တရားရုံး အမိန့်တို့ တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီ ကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဇနီးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန်

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ်၊သရက်တောကျေးရွာနေ (ဘ) ဦးအောင်ဝင်းနိုင်၏ သား ကျွန်တော် ကိုသန်းထူးအောင် ၈/ပဖန(နိုင်) ၁၃၅၈၆၆နှင့် ဖလံတောကျေးရွာနေ (ဘ)ဦးနိုင်ဝေအောင်၏သမီး မအိဖြူနှင်း ၈/ပဖန(နိုင်) ၁၃၉၄၁၁တို့သည်(၂၀၂၀)ပြည့်နှစ်တွင် တရားဝင်လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ယခုအခါ မအိဖြူနှင်းသည် ကျွန်တော် အိမ်တွင်မရှိစဉ် လင်မယားနှစ်ဦးပိုင်ပစ္စည်းများကို ယူဆောင်၍ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ(၃၁-၅-၂၀၂၄)ရက်တွင် နေအိမ်မှ ထွက်ခွာသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော်ကိုသန်းထူးအောင်အနေဖြင့် မအိဖြူနှင်းအား ဇနီးအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းနှင့် မအိဖြူနှင်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းမဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ကိုသန်းထူးအောင်**
**သရက်တောကျေးရွာ၊ ပွင့်ဖြူ မြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊မကွေးမြို့၊ မင်းကံကြီးအုပ်စု၊ အောင်စေတနာ(ခ)ရပ်ကွက်၊ (၉)လမ်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၆၇၅)ဟုခေါ်တွင်သော ဒေါ်အေးအေးသန်း(AMA-120481)အမည်ပေါက် (ဂရန်မြေ)၊ ဧရိယာ(၀ဒသမ ၀၈ ၉)ကေ အကျယ်အဝန်းရှိ အိမ်ဝိုင်းမြေကွက်အနက်မှ အနောက်ဘက်အခြမ်းဖြစ်သည့် (တရားဝင်မခွဲစိတ်ရသေး) အလျား(၆၅)ပေ x အနံ(၂၀)ပေ အကျယ်အဝန်းရှိ အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစတင်ပြီး ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲထိုက်အောင်(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၁၅၅/၂၁)**
**အမှတ်(၆၄၅)၊ အဝေရာလမ်း၊အောင်မေတ္တာ(ဃ)ရပ်၊ မကွေးမြို့၊**
**ဖုန်း-၀၉- ၉၅၄၃၄၅၅၅၆**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများက ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ်-၁၇၊ မြေဧရိယာ-(၄၉ပေ/၅၀ပေ x၇၃ပေ၆လက်မ/၆၇ပေ၆လက်မ၊(၀.၀၈၀)ဧက အကျယ်အဝန်းရှိ နှစ်(၆၀) မြေငှားဂရန် အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၇၊ (ယခင် စံပါယ်ခြံ(၃)လမ်း)၊ ယခု-သီရိမင်္ဂလာ(၂)လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ် ရန်ကုန်မြို့ဟုခေါ်တွင်သော RC (၂)ထပ်တိုက်အဆောက်အအုံ(၁)လုံး အပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်မေ(ဘ) ဦးကျော်သန်း ၁၂/ကမရ(နိုင်)၀၀၇၈၅၃ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.G.P, LL.B. D.M.L |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅) |
| အမှတ် ၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း | အမှတ် ၁၂၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း |
| အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ | အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ |
| ဖုန်း၊ ၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၈၆၃၅၁၂၂၊ |
| | ၀၉-၂၅၄၄၈၈၃၃၀ |

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီးမော်ဘီခရိုင်၊ ထန်းတပင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ နှင်းဆီ ၂ လမ်း၊ ဦးပိုင်အမှတ်(F/၁၈၁)၊ ကွင်းအမှတ် (၂၅၇/ခ)၊ထန်းတပင်ကွင်း ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ဧရိယာ ၀.၀၅၅ဧကရှိ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချစီမံပိုင်ခွင့်ရှိသူ ဦးဌေးဝင်း ၁၂/မဘန(နိုင်)၀၀၉၅၆၂ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကြေညာပါသည့်ရက်မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်နိုင်ဦး**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၇၇၁/၂၀၁၃)**
**စုပေါင်းရုံးကြီးဝင်၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၂၅၈၃၀၈၂၃၄**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း ကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ အမှတ်(၁၀၃)နေ ဦးဆိုင်းဒူ၏ သားသမီးများဖြစ်သည့် ဒေါ်မေရီနန်မွန်း၁/မကန(နိုင်) ၀၆၅၁၈၈၊ ဦးခွန်းအောင် ၁/မကန(နိုင်) ၀၇၇၃၉၉၊ ဦးလဆိုင်း ၁/မကန(နိုင်) ၁၈၁၁၀၇နှင့် ဦးဇော်တူး ၁/မက န(နိုင်) ၀၁၂၇၃၃တို့မှ ရှမ်းစုတောင်ရပ်ကွက်၊ ကေဘီစီရုံးဝင်းနေ ဒေါ်ဘီဒေါင်စေး (ဘ)ဦးခွန်တောင် ၉/ပဥလ(နိုင်) ၀၁၃၄၉၃အား ဥပဒေနှင့်အညီ တရားဝင်ကိုယ်စား လှယ်အဖြစ် ၂၀၂၂ခုနှစ် စာချုပ်အမှတ် ၁၅၅/၂၀၂၂ဖြင့် ကိုယ်စားလှယ်လွှဲထားခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မေရီနန်မွန်း၊ ဦးခွန်းအောင်၊ ဦးလဆိုင်း၊ ဦးဇော်တူး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ သီရိပစ္စယာရပ်နေ ဦးမောင်ဇော် ၉/ညဥန(နိုင်) ၁၂၄၈၅၄+ဒေါ်စန္ဒာသင်း ၉/ညဥန(နိုင်) ၂၀၃၃၀၃ တို့ ၏သားဖြစ်သူ မောင်သန့်ဇင်အောင် ၉/ညဥန(နိုင်) ၂၅၉၆၁၄ သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်နေသည့်အတွက် ၎င်းအား သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် လူမှုရေး၊ စီးပွားရေးအပါအဝင် မည်သည့်ပြဿနာ အရှုပ်အရှင်းကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ဘဲ မိဘဆွေမျိုးများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်ဇော်+ဒေါ်စန္ဒာသင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇွန်သဲဖြူ(LL.B,C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၉၈၉)**
**မကြီးကန်ကျေးရွာ၊ မကွေးမြို့နယ်၊ ဖုန်း-၀၉-၉၇၄၄၈၂၅၇၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၄၀၈၄၄, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြတ်အောင် ၆/ထဝန(နိုင်) ၀၀၁၈၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၆၇၅၄၉, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မြတ်အောင် ၆/ထဝန(နိုင်) ၀၀၁၈၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနပိုင် ရွှာသာကြီး ဘက်စုံမွေးမြူရေးစခန်းအတွင်းရှိ မြေ(၁၀)ဧကနှင့် ယင်းမြေပေါ်ရှိ တန်(၁၃၀)ဆန့် ကြက်သားထုတ်စက်ရုံနှင့်အအေးခန်း အပါအဝင် အဆောက်အအုံများ၊စက်ပစ္စည်းများအား အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်လိုသည့်ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်/ကုမ္ပဏီများသို့ နှစ်ရှည်ငှားရမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

| စဉ် | မြေ/စက်ရုံအမည် | ဧက | ငှားရမ်းဆောင်ရွက်မည့်လုပ်ငန်း |
|---|---|---|---|
| ၁။ | ရွှာသာကြီးဘက်စုံမွေးမြူရေးစခန်း အတွင်းရှိ မြေနှင့် ယင်းမြေပေါ်ရှိ တန်(၁၃၀)ဆန့် ကြက်သားထုတ်စက်ရုံနှင့် အအေးခန်း အပါအဝင် အဆောက်အအုံ၊စက်ပစ္စည်းများ | ၁၀ | သားငါး သန်းစင်၊ ပြုပြင်၊ မွှမ်းမံ၊ အေးခဲ၊ ထုတ်လုပ်၊ ဖြန့်ဖြူးခြင်းလုပ်ငန်း |

၂။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များအား မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ စီးပွားရေးရာ အထောက်အကူပြုဌာနခွဲ၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် တစ်စောင်လျှင်(၁၀၀၀၀ဝ/-)ကျပ်ဖြင့် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာ တင်သွင်းသူများအနေဖြင့် တင်ဒါအဆိုပြုလွှာများအား(၁၇-၆-၂၀၂၄)ရက် ၁၄:၃၀နာရီ နောက်ဆုံးထား၍ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ စီးပွားရေးရာအထောက်အကူပြုဌာနခွဲသို့ ပေးပို့တင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၀၈၄၈၀၊ ၀၆၇-၃၄၁၈၄၅၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၇)၊ ဦးပိုင်အမှတ်(၂၀)၊ ၂၈x၂၉လမ်းကြား၊ ၆၂x၆၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဇနီးဖြစ်သူ ဒေါ်ခင်အုန်းကြည် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၃၂၃၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ခင်ပွန်းဖြစ်သူ ဦးသိန်းဆွေ၏(SP ရရှိသူ ဦးထွန်းမြင့်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၉၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မိုးမြင့်သဉ္ဇာ ၁၃/မမတ(နိုင်)၀၄၇၅၃၃က အမှုတွဲအမှတ်၁၁၄၄/၂၀၂၄-၂၀၂၅ဖြင့် သက်တမ်းတိုး / အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ် ၇၁၃၊ ဦးပိုင်အမှတ်(၆၅-ခ)/၊ ၇၄လမ်း၊ ၃၀x၃၁လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ မိဘများဖြစ်သော ဦးခင်မောင်တင့် ၉/မရတ(နိုင်) ၀၁၂၉၈၉၊ ဒေါ်ချောမေ ၉/မရတ(နိုင်) ၀၁၂၉၉၀တို့မှ သမီးရင်းဖြစ်သူ ဒေါ်ဝေဖြာတင့်အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ်ချုပ်ဆို ရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅/A-ခ)၊ အကျယ်အဝန်း(၂၀x၆၀)ပေ၊ ဧရိယာ ၀.၀၂၇၅ဧကရှိ (ယခုအခေါ်အမှတ် ၁၅၅/A- ခ)၊ပီမိုးနင်းလမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်)ဟုခေါ်တွင်သော ဦးမင်းကောင်းစံ ၁၂/လမန(နိုင်)၁၅၄၅၈၆ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ပိုင်ရှင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထက်ပါ အိမ်ခြံမြေနှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများ၊ ပါမစ်၊ ဂရန်မူရင်းနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေဇင်အိ(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက်-၃၉၀/၄၊ စက်မှု(၁)လမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ အောင်သာယာရပ်ကွက်၊ အိမ်အမှတ်(၇၅)နေ (ဘ)ဦးမြင့်စန်း (မိ) ဒေါက်တာနီလာထွန်းတို့၏သား မောင်နေမျိုးထက် ၅/စကန(နိုင်)၂၀၁၄၂၆သည် မိဘဆိုဆုံးမစကားကို အမြဲတစေ နားမထောင်ခြင်း၊ မိဘကို ရန်ပြုခြိမ်းခြောက်ခြင်း၊ မိဘကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပြီး မိမိဆန္ဒအလျှောက်နေအိမ်မှ ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စမဆို ကျွန်တော်တို့ မိသားစုနှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ- ဦးမြင့်စန်း ၅/စကန(နိုင်)၀၃၂၃၆၆**
**- ဒေါက်တာ နီလာထွန်း ၅/စကန(နိုင်)၀၃၂၃၆၇**




## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ် ၇၄၉၊ ဦးပိုင်အမှတ်(၅၈)/၊ ၃၂x၃၃ကြား၊ ၇၀x၇၁လမ်းကြားရှိ ဘိုးဘ မြေကွက်အမည်ပေါက်သူ ဦးသိန်းစိုး ၆/မအရ(နိုင်) ၀၈၂၂၁က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ် ၄၁၃/အပိုင်း-၈၊ ဦးပိုင်အမှတ် (၁၃၄)/လမ်း ၄၀၊ ၆၈x၆၉ လမ်းကြားရှိ မြေကွက်အား ဂရန်အမှုတွဲအမှတ် (၁၅၃/၉၂-၉၃)အရ ဒေါ်ကျင်မြိုင် EMDY-၃၀၃၇၂၆ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်တင်လှ ၉/မရမ(နိုင်)၀၇၅၅၆၂ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅/A-က)၊ အကျယ်အဝန်း(၂၀x၆၀)ပေ၊ ဧရိယာ ၀.၀၂၇၅ဧကရှိ (ယခုအခေါ်အမှတ် ၁၅၅/A- က)၊ပီမိုးနင်းလမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်)ဟု ခေါ်တွင်သော ဦးဌေးဝင်း(ခ)တန်စိုက်စိန် ၁၂/ဥကမ(နိုင်)၀၀၀၅၅၆ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ရေမီးစုံ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထက်ပါ အိမ်ခြံမြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထားစာချုပ်၊ စာရွက်စာတမ်းမူရင်းများ၊ ပါမစ်မူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေဇင်အိ(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက်-၃၉၀/၄၊ စက်မှု(၁)လမ်း၊ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း၊ အမှတ်(၂၂၈/ခ)၊ မြေညီ+ထပ်ခိုး(တိုက်မျက်နှာမူလျှင် လက်ဝဲဘက်အရပ်ရှိ အခန်း) မြေညီဧရိယာ(၇၅၆)စတုရန်းပေ+ထပ်ခိုးဧရိယာ(၇၅၆)စတုရန်းပေရှိ တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်မျိုးထွဋ် ၁၂/မဂတ(နိုင်) ၀၉၄၅၁၂+ဒေါ်ဆုသက်မွန် ၁၀/မလမ(နိုင်) ၂၂၇၁၇၅ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးအောင်ကိုမင်း ၅/မရန(နိုင်) ၁၇၇၅၂၇ သည် အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၃၁-၅-၂၀၂၄)ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအောင်ကိုမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးသန့်ဇင်မြိုင်(LL.B)** | **ဒေါ်အေးအေးအောင်(LL.B)** | **ဒေါ်မျိုးခမ်းအောင်(LL.M)** |
| **(စဉ်-၁၅၇၇၀)** | **(စဉ်-၁၆၀၈၂)** | **(စဉ်-၄၉၄၁၁)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက်(၁၉)၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ကျောက်တံခါးမြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆

| | | |
|---|---|---|
| ဒေါ်သန်းသန်းနွယ် | နှင့် | ဦးဟိန်းစိုးဦး |
| **(တရားလို)** | | **(တရားပြိုင်)** |

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဂနက်ကျေးရွာအုပ်စု၊ ကုလားရှည်ရွာနေ တရားပြိုင် ဦးဟိန်းစိုးဦး(ဘ)ဦးဝင်းဦး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက "လင်မယားကွာရှင်းပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဇွန်လ ၂၈ရက်(၁၃၈၆ခုနှစ်၊ နယုန်လဆုတ် ၇ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလို ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ မေလ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲကိုနိုင်)**
**မြို့နယ်တရားသူကြီး**
**ကျောက်တံခါးမြို့နယ်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ် ဒ-၈၊ ဦးပိုင်အမှတ် (၂)/၆၅ x၆၆ကြား၊ ၃၈x ၃၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရန်ကြူဖုန် ၁၃/လရန(နိုင်)၀၅၃၃၅၆ ၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၂၇၂/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်ကျော်မင်း ၁၃/မဆတ(နိုင်)၀၅၅၁၇၁က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

မကွေး တိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အထက(မင်းလှ)မှ အလယ်တန်းပြဆရာမ ဒေါ်စမ်းသီတာအေး (ခ)ဒေါ်စန်းသီတာအေး ၈/မလန(နိုင်)၀၅၅၉၀၃ သည် တစ်ဦးတည်း ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အထက(အာလမ်)ကျောင်း၊ Grade-8 အောင် မှ မဂျီးနန်၏ ဖခင်အမည်မှန်မှာ ဦးဇော်နန် ၁/မကန(နိုင်) ၁၈၈၄၉၉ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ လက်ပံဝင်းကျေးရွာအုပ်စု၊ ကွင်း/အမှတ်နှင့်အမည် (၁၁၇၂/လက်ပံဝင်း)၊ ဦးပိုင်အမှတ်(၄၅/၁)၊ ဧရိယာ(၅ဒသမ၉၁)ဧကရှိ အခွန်စည်းကြပ်ခံရသူ ဦးဇော်ဘောက်၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇) မူရင်းစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ ပုံစံ(၇)မူရင်း အသစ်ပြန်လည် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မူရင်းစာရွက်စာတမ်း အပြည့်အစုံဖြင့် ကြော်ငြာပါပြီး ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **ဦးဇော်ဘောက်**
**၁၃/ကခန(နိုင်) ၀၅၃၆၀၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၂(၁)ရပ်ကွက်၊(၆)လမ်း၊မြေကွက်အမှတ် ၅၄၂ပေါ်တွင် ဆောက်လုပ်ထား သော(၂)ခန်းတွဲ(၆)ထပ်တိုက်၏ စတုတ္ထထပ်(၅)လွှာ၊ (တိုက်ရှေ့မျက်နှာမူလျှင် လက်ဝဲဘက်ခြမ်း)၊ ဧရိယာ(၄၉၅)စတုရန်းပေ အကျယ်အဝန်းရှိသော တိုက်ခန်း နှင့် ယင်းတိုက်ခန်းနှင့်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဒေါ်သန်းသန်း(ခ)ဒေါ်သန်းသန်းအေး (၁၂/မရက(နိုင်) ၀၈၆၅၅၂)**ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် **ဦးထက်လှိုင်းအောင် (၈/ပဖန(နိုင်) ၁၃၂၁၄၂)**နှင့်၎င်း၏ ဇနီး **ဒေါ်လဲ့လဲ့ဝင်း (၈/နမန(နိုင်) ၁၅၇၂၃၁)**တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါ သည်။

**ဦးထက်လှိုင်းအောင်နှင့်ဒေါ်လဲ့လဲ့ဝင်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊ မြေညီထပ်၊ မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့ နယ်၊ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက်အမှတ်(၁၆-ခ/၁)၊ ဦးပိုင်အမှတ်(၁၃၅)၊ မြေချိန်ဧရိယာ(၁.၁၃၆)ဧကရှိ မြေကွက်သည် မူလက ဦးခေါဖန်ယောနသန်၊ ဒေါ်ဒူးမဟာ (၂)ဦးအမည်ဖြင့် (၂၇-၆-၂၀၁၅)ရက်အထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးခေါဖန်ယောနသန်ပါ(၂)ဦးတို့က(၆-၅-၂၀၂၄)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၂၃၃/၂၀၂၄) အရ ဦးခီရဲဝူ ၁/ပတအ(နိုင်)၀၄၀၈၅၇ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးခီရဲဝူအမည်ဖြင့်မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆိုယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၇) လမ်း၊ အမှတ်(၁၄)၊ တတိယထပ်၊ ၄-လွှာ(A)၊ ခေါင်းရင်း၊ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊အရှုပ်အရှင်းကင်းရှင်း ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေမျိုးလွင် ၁၂/ဗတထ(နိုင်) ၀၂၆၇၁၉ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သီတာဝင့် ၁၂/သကတ(နိုင်) ၁၇၃၉၂၉က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စ နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများ နှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ (၀.၁၁၀)ဧကရှိ ဒေါ်တင်တင် ၁၂/အလန(နိုင်)၀၂၅၄၁၉ (ဘ)ဦးစိုး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ- ၂၁၆၂၀)ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၅၉၈/၂၀၁၈(၁၅-၈-၂၀၁၈)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်စန်းစန်းရီ ၁၂/ကမရ(နိုင်)၀၀၈၉၆၂ (ဘ)ဦးအောင်ကြည်မှ ဒေါ်ဖြိုးဟေမာန်ဦး ၉/ပဥလ(နိုင်)၀၂၂၆၅၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီဂရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ်၊ မြေရိယာ ၀ ဒသမ ၁၅၉ ဧက၊ မြေကွက်အမှတ် (ဥ-ဖ၄၂၄)၊ Original Group အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဝါဝါလှိုင် ၇/ကပက (နိုင်)၀၇၄၃၇၄ (ဘ) ဦးခင်မောင်သန်း မှ ပျဉ်းမနားမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၁၀/၂၀၂၃ (၃၀-၁၁-၂၀၂၃) တင်ပြ၍ ဒေါ်ခိုင်ခိုင်စိုး ၈/မကန(နိုင်)၁၂၇၅၇၅ (ဘ) ဦးသိန်းစိုး အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၀)ရပ်ကွက်၊ သိန်းတရာလမ်း၊ မြေကွက်အမှတ်(၂၄၄၇)ဟု ခေါ်တွင်သော မြေအကျယ်အဝန်း ပေ(၄၀ x ၆၀)ရှိ မြေချပါမစ်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးအေးကျော် ၁၂/သဃက(နိုင်)၀၉၉၀၄၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးသန်း ၁၀/ပမန(နိုင်)၀၅၀၅၅၅ မှ အသီးသီး တရားဝင်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါ အိမ်ခြံမြေ အပါအဝင် မြေချပါမစ်မူရင်း၊ ဆက်စပ်စာချုပ်စာတမ်းမူရင်းများနှင့် အခြား စာရွက်စာတမ်းမူရင်းများကို လက်ရောက် လက်ခံ လွှဲပြောင်းရယူ ပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါ ပါမစ်မြေကွက်နှင့်တကွ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်အေးသန်း တစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးသန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအာကာလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)**
**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၂၆၄၁၉၉၂၈၈၊ ၀၉-၂၆၀၃၉၉၀၃၅**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ်(၂၉/စာရေးကုန်းရပ်)၊ ဦးပိုင်အမှတ်(၂၀)၊ မြေရိယာ ၀ ဒသမ ၁၂၄ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်လောရှင် ၉/မမန(နိုင်)၀၃၉၃၂၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၁၉၃၊ မြေကွက်တည်နေရာအမှတ်(၁၉၃)၊ မင်းရဲကျော်စွာ (၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်အေးအေးဦး၉/မရမ(နိုင်)၀၂၆၁၇၁ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် အမည်ပေါက် ဒေါ်အေးအေးဦး (ဇနီး)ကွယ်လွန်သဖြင့် ဦးမြင့်သိန်း၉/မရမ(နိုင်)၀၂၆၂၈၆ မှ တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်/ဂရန်/နိုင်/ကတ်များ/သေစာရင်းများ/အိမ်ထောင်စုစာရင်းများ/ဝန်ဆောင်ခတို့ တင်ပြ၍ (ပိုင်ဆိုင်+အရောင်း)မြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကချင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မိုးညှင်းခရိုင်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၂/၂၀၂၄)

၁။ ကချင်ပြည်နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မိုးညှင်းခရိုင်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် (ငွေလုံးငွေရင်း)ရန်ပုံငွေ ဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများကို (လုပ်ငန်းခွင်အရောက်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါတင်သွင်းလိုသည့် ပစ္စည်းအမျိုးအမည်၊ အရေအတွက်၊ အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မိုးညှင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် စုံစမ်းမေးမြန်းနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံများကို ၄-၆-၂၀၂၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၄-၆-၂၀၂၄ ရက် (အင်္ဂါနေ့) |
| (ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးဝယ်ယူရမည့် ရက်/အချိန်** | - | ၁၇-၆-၂၀၂၄ ရက် (တနင်္လာနေ့)၊ မွန်းတည့် ၁၂:၀၀ နာရီ |
| (ဂ) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** | - | ၁၈-၆-၂၀၂၄ ရက် (အင်္ဂါနေ့)၊ နံနက် ၁၀:၀၀ နာရီ |
| (ဃ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်/ အချိန်/နေရာ** | - | ၁၈-၆-၂၀၂၄ ရက် (အင်္ဂါနေ့) နံနက် ၉:၀၀ နာရီမှ ၁၀:၀၀ နာရီအတွင်း လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့၊ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၉-၄၃၀၄၇၀၃၉**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(AA/မြနန္ဒာ)၊ ဦးပိုင်အမှတ်(၂၅)၊ မြေရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး၊ ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးဟန်စိုး ၁၃/လရန(နိုင်)၀၂၈၄၀၈ မှဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စံပြ)၊ စံပြ(၆)လမ်း၊ မြေကွက်အမှတ်(၈၃)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ(၅)RCတိုက်အဆောက်အအုံမှခြေရင်းခြမ်းရှိ ဒုတိယထပ်(၃-လွှာ)၊ အခန်းအကျယ်အဝန်း ပေ(၁၂ $\frac{၁}{၂}$ x ၅၀)၊ အမြင့်(၉)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများ အားလုံးအပါအဝင်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်စုစုနိုင် ၁၂/သဃက(နိုင်)၁၆၄၀၅၈ က အထက်ပါတိုက်ခန်းကို မိမိတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခိုင်ညွန့် ၁၂/ဗဟန(နိုင်)၀၀၀၈၈၄ က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR/9496 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ သီရိမင်္ဂလာဈေးအတွင်း ဆိုင်ခန်းအငှားချထားခြင်းခံရသည့် အောက်ဖော်ပြပါသူများထံမှ အရောင်း/အဝယ် အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူထားပြီးဖြစ်သဖြင့်ဆိုင်ခန်းအမည်ပြောင်း လဲပေးပါရန်လိုအပ်သောစာရွက်စာတမ်း အထောက်အထားများဖြင့် လျှောက်ထားလာမှု အပေါ် ကန့်ကွက်လိုပါက လှိုင်မြို့နယ်၊ သီရိမင်္ဂလာဈေး၊ ဈေးတာဝန်ခံရုံးသို့ ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံး/လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

| စဉ် | ရုံအမှတ် | ဆိုင်အမှတ် | ဆိုင်ခန်းအငှား ချထားသူအမည် | မှတ်ပုံတင်အမှတ် | ဝယ်ယူထားသူ အမည် | မှတ်ပုံတင်အမှတ် | အရောင်းအဝယ် ကတိစာချုပ် ရက်စွဲ |
|---|---|---|---|---|---|---|---|
| ၁ | က | ၁၆၉ | ဒေါ်ခင်ဖုန်းမြင့် | ၁၀/မလမ(နိုင်)၀၁၂၇၅၆ | ဒေါ်သန္တာသိန်းမြင့် | ၁၂/ကမတ(နိုင်)၀၉၁၇၀၅ | ၁၈-၃-၂၀၂၄ |
| ၂ | က | ၁၇၀ | ဒေါ်ခင်ဖုန်းမြင့် | ၁၀/မလမ(နိုင်)၀၁၂၇၅၆ | ဒေါ်သန္တာသိန်းမြင့် | ၁၂/ကမတ(နိုင်)၀၉၁၇၀၅ | ၁၈-၃-၂၀၂၄ |
| ၃ | က | ၂၂၈ | ဒေါ်မိုးမိုး | ၁၂/သဃက(နိုင်)၀၀၅၃၀၆ | ဦးအောင်ဒင် | ၈/ရနခ(နိုင်)၁၂၄၇၅၀ | ၂၇-၃-၂၀၂၄ |
| ၄ | က | ၂၂၉ | ဒေါ်မိုးမိုး | ၁၂/သဃက(နိုင်)၀၀၅၃၀၆ | ဦးအောင်ဒင် | ၈/ရနခ(နိုင်)၁၂၄၇၅၀ | ၂၇-၃-၂၀၂၄ |
| ၅ | ဃ | ၁၀ | ဦးကိုကိုနိုင် | ၁၂/ဗဟန(နိုင်)၀၃၂၂၃၅ | ဦးသန်းဦး | ၁၂/ကမန(နိုင်)၀၆၀၉၀၃ | ၃-၅-၂၀၂၄ |
| ၆ | ဃ | ၂၉၁ | ဦးမျိုးမင်း | ၉/မနတ(နိုင်)၀၉၅၂၆၁ | ဒေါ်ငြိမ်းငြိမ်းအေး | ၉/မနတ(နိုင်)၀၀၂၀၈၃ | ၃-၄-၂၀၂၄ |
| ၇ | ဃ | ၂၉၃ | ဒေါ်မြင့်မြင့်ထွေး | ၁၂/မဂတ(နိုင်)၀၂၅၆၂၇ | ဒေါ်ငြိမ်းငြိမ်းအေး | ၉/မနတ(နိုင်)၀၀၂၀၈၃ | ၂၇-၁၁-၂၀၂၃ |
| ၈ | စ | ၂၇၂ | ဒေါ်သီတာစိုး | ၁၂/တတန(နိုင်)၀၀၂၀၆၅ | ဒေါ်စန္ဒာအေး | ၁၂/တတန(နိုင်)၁၅၆၂၂၉ | ၂၇-၂-၂၀၂၄ |

**ဈေးတာဝန်ခံ၊ လှိုင်မြို့နယ်၊ သီရိမင်္ဂလာဈေး(၀၉-၇၇၈၉၃၁၃၁၃)**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပျဉ်းချောင်းကျေးရွာနေ ဒေါ်ဖြိုးဖြိုးဝင်း ၉/ညဥန(နိုင်)၂၂၂၃၃ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၈၀၁၆၃၈**

## ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ နယ်မြေ(၂)နေ ဦးအောင်မျိုးလင်း၏သား မောင်ကျော်ချမ်းငြိမ်း ၅/မရန(နိုင်)၃၁၉၁၁၁ ၏ နိုင်ငံကူးလက်မှတ် နံပါတ် ME-599479 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၇၈၄၈၂၃၂**

## အမည်မှန်

ဟိုပင်မြို့၊ မြဧယျာရပ်ကွက်၊ နယ်မြေ(၄)နေ ဦးမျိုးဇော်ဦး ၁/ဟပန(နိုင်)၀၀၆၇၉၄ ၏ သမီးဖြစ်သူ အထက (ဟိုပင်) Grade-4 မှ မနင်းသက်ပိုင်၏ အမည်မှန်မှာ မပိုင်းစုပန်ချီဦး ဖြစ်ပါကြောင်း။

**မပိုင်းစုပန်ချီဦး**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ နယ်လ်ဆင်ကိုယ်ပိုင် အလယ်တန်းကျောင်း Grade-8 မှ ဖြေဆိုအောင်မြင်ခဲ့သော မအိမ့်ယမုံ၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဦး ၉/မတရ(နိုင်)၁၀၁၉၂၃ ဖြစ်ပါသည်။

**ဦးသန်းဇော်ဦး**

## ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ အမက (၄၆)၊ (G-5)တက်ရောက်အောင်မြင်ခဲ့သူ မပိုးရတီကျော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုးအောင် ၁၂/မရက(နိုင်)၀၈၁၇၀၄ ဖြစ်ကြောင်း။

**ဦးမြင့်စိုးအောင်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RA-V/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၄၂-ဃ)၊ မြေရိယာ ၀ ဒသမ ၁၉၉ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးထက်နိုင်လင်း ၉/အမဇ(နိုင်)၀၂၁၅၆၀ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

လယ်ဝေးမြို့နယ်၊ ဒလန့်ချွန်ကျေးရွာနေ (ဘ) ဦးမြင့်ဦး၏သား ကိုစည်သူထက် ၉/လဝန(နိုင်) ၂၇၈၀၅၂ ၏နိုင်ငံကူးလက်မှတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၉၈၅၃၇၈၃**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ အထက(ခွဲ) နတ်ကြီးကျောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-10 မှ မသဇင်ထွေး၏ ဖခင်အမည်မှန်မှာ ဦးအေးကို ၈/စတရ(နိုင်)၀၂၆၃၁၇ ဖြစ်ပါကြောင်း။

**ဦးအေးကို**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ ဝယ်ယူရန် တင်ဒါအမှတ်-9DMS (2024-2025) (L)ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေး ကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - | ၅-၆-၂၀၂၄ ရက်၊ ဗုဒ္ဓဟူးနေ့ |
| **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - | ၁၈-၆-၂၀၂၄ ရက်၊မွန်းတည့်(၁၂:၀၀)နာရီ |
| **ဆက်သွယ်ရန်ဖုန်းနံပါတ်** | - | ၀၆၇-၃၄၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇/ခ၊ မြေကွက်အမှတ်-၄၄၊ မြေကွက်တည်နေရာ-အမှတ်(၆၀၀)၊ ရတနာသီရိလမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် မနုစိန် အမည်ပေါက် နှစ်(၆၀) ဂရန်မြေ (ဂရန်သက်ကုန်) မြေအား ရိယာ (၀ ဒသမ ၀၅၅ ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် မြေကွက်ကြီး၏ အစိတ်အပိုင်း (Portion)ကို အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုသော ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၃၀၁/၂၀၀၈)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၆၉/၂၀၀၉)၏ ထုံးပုံကျအပြီးသတ်အမိန့်၊ တရားရှုံး ဒေါ်ဖြူဝင်းမာ (ကိုယ်စား) ဘီလစ် ဒေါ်အေးအေးသိန်းမှ လက်မှတ်ရေးထိုး ချုပ်ဆိုပေးသည့် အရောင်းအဝယ်စာချုပ်-၃၅၄၁/၂၀၀၉ (၉-၁၁-၂၀၀၉ ) ဖြင့် ဝယ်ယူထားသူ ဦးသိန်းထွန်း (၁၂/သဃက(နိုင်)၀၆၅၀၉၄) ထံမှ(GP)၁၂၅၂၂/၂၀၂၃(၃-၇-၂၀၂၃ )ဖြင့်ရသူ ဒေါ်နေခြည်သိမ့်သိမ့်လွင်(၁၂/ဥကတ(နိုင်) ၁၇၅၉၅၁) မှ ပါဝါပေးသူ သက်ရှိ ထင်ရှားရှိကြောင်း ပါဝါရုတ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်-၇၆၇/၂၀၂၃ (၅-၇-၂၀၂၃)၊ ဂရန်မူရင်းတို့တင်ပြ၍ တစ်ဖက်သတ်မြေတိုင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်လင်းမောင် ၁၂/မဘန(နိုင်)၁၃၆၀၆၉ နှင့် ဒေါ်စိမ်းလန်းအောင် ၇/ပတန(နိုင်)၁၀၉၉၇၀ တို့သည် ၃၁-၅-၂၀၂၄ ရက်တွင် နှစ်ဦးသဘောတူစာချုပ် ချုပ်ဆို၍ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် တစ်ဦးနှင့်တစ်ဦး မည်သို့မှ သက်ဆိုင်ခြင်းအလျှင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်လင်းမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းမင်းဟိန်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၁၂၆၂)**
**ရှေ့နေများရုံးခန်း၊ အမှတ်(၇၀၂/ခ)၊**
**ရုံးပေါင်းစုံလမ်း၊ တပ်ကြီးကုန်း၊ မှော်ဘီမြို့နယ်။**
**ဖုန်း-၀၉-၇၉၈၃၈၀၁၁၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ သာလွန်လမ်း၊ အမှတ်(၃၉၉)ဟုခေါ်တွင်သော (ဒေါ်တင် အမည်ပေါက်)၊ နှစ်(၆၀)မြေငှားဂရန်၊ အလျား(၂၀)ပေxအနံ(၆၀)ပေ မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကာလတန်ဖိုးသတ်မှတ်၍ အမွေဆိုင်များဖြစ်သည့် ဒေါ်အေးအေးညွန့် ၅/မလန(နိုင်)၀၂၇၇၂၅၊ ဒေါ်တင်တင်ရီ၁၂/မဂတ(နိုင်)၀၁၀၇၆၃၊ ဒေါ်သိန်း သိန်းဝင်း ၁၂/မဂတ(နိုင်)၀၁၁၁၀၁ နှင့် ဒေါ်စီစီ၁၂/မဂတ(နိုင်)၀၀၉၆၉၆ တို့က "မိသားစုအမွေစီမံခန့်ခွဲခြင်း ကတိစာချုပ်"ဖြင့် သဘောတူခွဲဝေရယူကြပြီးဖြစ်ပါသည်။ ဖော်ပြပါ အိမ်ခြံမြေအား ဒေါ်အေးအေးညွန့်နှင့် ဒေါ်စီစီတို့ နှစ်ဦးသာ လက်ရောက်ပိုင်ဆိုင်ကြပြီး ကျန်အမွေဆိုင်များဖြစ်သည့် ဒေါ်တင်တင်ရီ၊ ဒေါ်သိန်း သိန်းဝင်းတို့နှင့် ပိုင်ဆိုင်မှု လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ -** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **၁။ ဒေါ်အေးအေးညွန့် ၅/မလန(နိုင်)၀၂၇၇၂၅** | **ဦးအာကာဝင့်ဇော်(LL.B) စဉ်-၁၆၁၆၉ / ဒေါ်အိရွှေစင်(LL.B,D.B.L) စဉ်-၁၆၁၇၀** |
| **၂။ ဒေါ်စီစီ ၁၂/မဂတ(နိုင်)၀၀၉၆၉၆** | **တရားလွှတ်တော်ရှေ့နေများ က/၇၂၂၊ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊** |

**ဖုန်း- ၀၉-၂၅၄၄၄၅၉၉၉၆၊ ၀၉-၂၅၀၄၉၇၅၉၃**

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ငါးခန်းတွဲ ၂ လမ်းရှိ အမှတ်(၂၄)ဟု ခေါ်တွင်သော အကျယ်အဝန်း(အလျား ပေ ၂၀ x အနံ ပေ ၄၀) အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ် အဆောက်အအုံအား စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသော ဦးဝင်းမြင့် ၁၂/အစန(နိုင်)၁၆၈၂၂၅၊ ဒေါ်ကြည်ကြည် ၁၂/အစန(နိုင်)၀၉၉၄၈၁ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လဲ့ဝါဦး ၁၀/သထန(နိုင်)၁၂၃၆၀၀ က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေကွက်အား ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသူနွယ်စိုး(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၄၈)**
**အင်းစိန်စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၂၅၄၈၅၇၇၉၂**

အောင်ချက်မြင့်မားရေးအတွက် ထုတ်ဝေသည်။
အမှတ်(၁)၊ ဇွန်လ၊ ၂၀၂၄၊ တန်ဖိုး-၉၀၀ ကျပ်
English for Students
ဘာသာရပ်ဆိုင်ရာ ဝါရင့်ဆရာကြီးများ ကြီးကြပ်တည်းဖြတ်သော
SUPPLEMENT လွယ်ကူလေ့လာ အင်္ဂလိပ်စာ
၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၏ ဝနစ်သစ် အခြေခံပညာသင်ရိုးညွှန်းတမ်း စာမေးပွဲမေးခွန်းပုံစံနှင့်အညီ ပြုစုထားသည်။
Grade-5 မှ Grade-12 အထိ တန်းစဉ်ထွက်ပြီ။
ကိုယ်စားလှယ်ယူလိုသူများဆက်သွယ်ပါ။ 09 981163924 09 789450927
ဖြန့်ချိရေး
ရန်ကုန် - ဒေါ်ဖိုးဖိုးလှိုင် (မိုးကျော်စာပေ)
ဖုန်း-၀၉ ၅၀၈၉၈၈၃၊ ၀၉ ၄၄၃၂၄၅၂၅၇၊ ၀၉ ၄၂၃၇၁၈၆၀၀
ဒေါ်ခင်မာဝင်း(ပညာစိမ်းစာအုပ်တိုက်)
ဖုန်း-၀၉ ၄၄၄၉၉၈၈၇၃၊ ၀၉ ၅၁၃၆၇၄၆
နေပြည်တော် - ဒေါ်အေးအေးသန့် (လမင်းအိမ်စာပေ)
ဖုန်း-၀၉ ၄၄၁၉၃၆၈၂၂၊ ၀၉ ၄၂၃၄၂၈၀၁
မန္တလေး - ဒေါ်ဖိုးဖိုးလွင် (ရောင်စဉ်စာပေ)
ဖုန်း-၀၉ ၄၄၄ ၁၀ ၅၉၁၉၊ ၀၉ ၄၄၄၁၀၆၉၆၉၊ ၀၉ ၇၉၇၇၃၅၅၆၅
သတင်းစာကိုယ်စားလှယ်နှင့် ရောဝတီ
ဒေါ်နွဲ့နွဲ့ရီ(မြင့်ဦးစာပေ) ဖုန်း-၀၉ ၅၀၈၈၉၂၅၊ ၀၉ ၂၆၁၃၃၇၆၀၃၀
Ph : 018-387961, 018-376442, 09 269006353, 09 981163924, 09 789450927

## ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ ပတ္တမြား (၂)လမ်း၊ အမှတ်(၁၁၃၃/ခ)၊ (ဦးတင်ငွေ-ဒေါ်စောမြိုင်)ပိုင်ဆိုင်သော ဒေါ်စောမြိုင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေ၊ အကျယ်အဝန်း ပေ(၂၁'x၆၀')မြေကွက်၊ ယင်းမြေပေါ်ရှိအဆောက်အအုံနှင့်စပ်လျဉ်း၍အများသိစေရန် ကြေညာချက်

အထက်ပါလိပ်စာရှိ မြေနှင့်အဆောက်အအုံသည် ကွယ်လွန်သူမိဘများ ကျန်ရစ်ခဲ့သည့် ပစ္စည်းများဖြစ်ပြီး သားသမီးများဖြစ်ကြသော (၁) ဒေါ်လှလှမြင့် (၂) ဒေါ်မြမြစိုးခိုင် (၃) ဦးအောင်မင်းကြည်တို့မှ ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်ရှိသူများ ဖြစ်လာကြပါသည်။

ကျွန်ုပ်တို့အား ဥပဒေဆိုင်ရာ လွှဲအပ်ညွှန်ကြားချက်ပေးထားသူ ဦးအောင်မင်းကြည် ၁၂/သကတ(နိုင်)၁၃၃၄၈၄ ၏ အတိအလင်း သဘောတူညီခွင့်ပြုချက်မရရှိဘဲ မည်သူမဆိုတို့က ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်းများ မပြုလုပ်ကြရန် အများပြည်သူတို့အား အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်ဇော် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၃၅)**
**B. Sc, PGDL, HGP, WIPO (Switzerland)**

**ဒေါ်အိအိဖြူ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၈၀)**
**LL. B, DLP, WIPO (Switzerland)**

**အမှတ် (၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၃၈၀၈၇၉၁၊ ၀၉-၄၂၆၁၇၁၉၁၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ စစ်တောင်းရိပ်မွန်အိမ်ရာ၊ (၉၂)ရပ်ကွက်၊ ပဲခူးမြစ်လမ်း၊ တိုက်အမှတ် (၉)၊ အခန်း (၀၀၁) မြေညီထပ် (ခေါင်းရင်းဘက်ခြမ်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်ဇင်မာထွန်း ၁၂/ကမရ (နိုင်)၀၅၁၇၈၇ မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ခိုင်မာဝင်း ၁၂/ဗဟန(နိုင်)၀၅၆၃၅၈ ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်းတိကျ ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်သက်သက်မွန် | ဒေါ်ကြည်လပြည့်ဝန်း | ဒေါ်သွယ်ဇင်အေး |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၅၁၉၂၄/၂၀၁၉) | (စဉ်-၅၄၇၅၂/၂၀၂၂) |

**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## COC စာအုပ်ပျောက်

(ဘ)ဦးရဲလင်း၏သား မောင်ဖြိုးရဲလင်း ၁၂/စခန(နိုင်)၀၆၅၂၈၇ ၏ COC သင်္ဘောသားစာအုပ်အမှတ် (COC-703071 D3558312) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၆၄၅၆၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဝဏ္ဏသိဂီလမ်း၊ တိုက်(၅၀၈)၊ အခန်းအမှတ်(၂၀၁) ဟုခေါ်တွင်သော (၁)ခန်းတည်း (၅)ထပ်တိုက်၏ ဒုတိယထပ်(၃-လွှာ)၊ အကျယ်အဝန်း(၂၇ပေ x ပေ၅၀)ရှိတိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့် ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်ဇင်မိဝင်း ၉/မထလ (နိုင်)၀၀၁၄၈၁ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာခင် ၁၂/တတန(နိုင်) ၁၂၀၆၈၅ က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ သို့မဟုတ် ရောင်းချသူ၌ ရောင်းချပိုင်ခွင့်မရှိကြောင်း၊ ကန့်ကွက်လိုသူ မည်သူမဆိုသည် ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို တရားဝင်အပြီးအပြတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လင်းအိခိုင်ဇင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၅၄)**
**အမှတ်-၈၅၇/ခ၊ ၂-လမ်း၊ အပိုင်း(၅)၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၁၅၃၇၂၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/8818 BAJAJ 200 3Wheel (3x2)ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုး ၉/မခန(နိုင်) ၁၉၂၉၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/98184 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Prince Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၉)၊ မြေကွက်အမှတ် (၄၈၆-က)၊ ခိုင်သဇင်လမ်း၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ဦးသိန်းထွန်း အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဝယ်ယူခဲ့ပြီး လက်ရှိ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ကြူကြူခိုင် ၁၂/ဥကတ(နိုင်)၀၀၁၇၄၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန် (LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၅၆ ၈၃၃၇၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9M/6299 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/မြောက်)ရပ်ကွက်၊ မြို့မ(၁၁)လမ်း၊ တိုက်အမှတ် (၃၁၄/ခ)၊ ဒုတိယထပ်၊ (၃-လွှာ)၊ အကျယ်အဝန်း (၁၈ပေx၅၄ ပေ)ရှိ တိုက်ခန်းနှင့် စွဲမြဲတပ်ဆင်ထားသော ပစ္စည်းများ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်ခိုင်သင်းနွယ် ၁၂/ကတတ(ပြု)၀၀၁၀၄၄ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ကျိန်ဒိုက်မန်း ၄/တတန(နိုင်)၀၀၀၉၇၁က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကျိန်ဒိုက်မန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန် (LL.B, LL.M) အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကွမ်းခြံကုန်းမြို့၊ ကံကြီး/မကျီးရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အကွက်အမှတ်(၆)၊ ကံကြီးပိုင်းကွက်၊ ဦးပိုင်အမှတ်-ဃ/၄၁/၂၊ ဧရိယာ ၀ ဒသမ ၁၆၅ ဧကအနက်မှ ၀ ဒသမ ၁၃၅ ဧက၊ မြေပိုင်ဆိုင်ခွင့်(ဘီ)၊ မြေအမျိုးနှင့်အတန်း-မြို့မြေဟုခေါ်တွင်သည့် မူလအမည်ပေါက်သူ ဒေါ်ပိန်၏ မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ခွင့်ရရှိသူ ဒေါ်လှစိန် (ဘ)ဦးကုလား ၁၂/ကခက(နိုင်)၀၀၆၈၀၃ထံမှ သမဝါယမဘဏ်လီမိတက် (အများပိုင်ဘဏ်) ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၈၄/၁၉၉၂-၉၃ (ကိုယ်စား) ၂-၄-၂၀၁၂ ရက်စွဲပါ အစည်းအဝေးအမှတ်စဉ်-၂/၂၀၁၂အရ ဦးဆန်းဦး(ဘ)ဦးအောင်မြိုင် ၁၀/ဘလန(နိုင်)၀၄၇၆၉၆ လက်ထောက်အထွေထွေမန်နေဂျာမှ လက်မှတ်ရေးထိုး၍ CB Bank အမည်ဖြင့် ကွမ်းခြံကုန်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်စာတမ်း မှတ်ပုံတင်ဆောင်ရွက်ပြီး တရားဝင်ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် မူလအမည်ပေါက်သူ ဒေါ်ပိန်အမည်မှ CB Bank PCL အမည်သို့ပြောင်းလဲရန် ဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများ တင်ပြလျက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်ပါက သက်ဆိုင်ရာဌာနတို့၌ လုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်း လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်နန်းမိုခမ်းအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၇၃)**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
